ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့၊ (27-1-2008) (၅၅၇၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိတို့နိုင်ငံအနေဖြင့် လူဦးရေများပြားပြီး ဈေးကွက်ကြီးမားသည့်နိုင်ငံကြီးများနှင့် နီးကပ်စွာတည်ရှိနေ လယ်ယာထွက်ကုန်များကို စက်မှုကဏ္ဍနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြင့်စားသောက်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချ စက်မှုလုပ်ငန်းများ တိုးချဲ့နိုင်ရေးဆောင်ရွက်ရာ၌ ရေတိုအနေဖြင့် ပြည်တွင်းသယံဇာတကို အခြေခံသည့် သွင်းကုန်အစားထိုး စက်မှုထုတ်ကုန်သာမက ပြည်ပဈေးကွက်ထိုးဖောက်နိုင်သည့် ပို့ကုန်များကိုပါ ထုတ်လုပ်

နေပြည်တော် ဇန်နဝါရီ ၂၆

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေး (၁/၂၀၀၈)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဝင်များနှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်၌ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန် ၁၈ ဇုန်၊ ဇုန်ခွဲ ၂၈ ခု၌ တာဝန်ခံဝန်ကြီးများကို တာဝန်ပေးပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခင်းကျင်း စီစဉ်ပြသထားသည့် ဝန်ကြီးဌာနများ၏ ပြခန်းများ၊ စက်မှုဇုန်များ၏ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြည်ပကတင်သွင်းလာသည့် စားသောက်ကုန်ပစ္စည်းတော်တော်များများသည် မိမိနိုင်ငံ၌ထွက်နေသည့် သီးနှံကုန်ကြမ်းမျိုးများကိုပင် အခြေခံပြီး ထုပ်ပိုးပစ္စည်းကောင်းကောင်းဖြင့် ဈေးကွက်ဝင်အောင်ပြုပြင်ပြီး တင်သွင်းရောင်းချနေခြင်းဖြစ်၍ မိမိလုပ်ငန်းရှင်များကို အလားတူ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်နိုင်ပါက ပြည်ပကိုယိုစီးသွားမည့် နိုင်ငံခြားငွေကို ဆယ်တင်နိုင်မည့်အပြင် ပြည်ပဈေးကွက်သို့ပါ ဈေးကွက်ချဲ့နိုင်မည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၇-၁-၂၀၀၈
(တနင်္ဂနွေနေ့)

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင် စေတနာစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသအလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ ချမှတ်ဖော်ဆောင်နေသည်။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ လမ်းမိုင်ပေါင်း ခြောက်သောင်းကျော်နှင့် ပေ ၁၈၀ အထက် တံတားကြီး အစင်း ၂၃၀ တို့ကို ဖောက်လုပ်တည်ဆောက်ပေးထားရာ တိုင်းရင်းသားပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု မြန်ဆန်ချောမွေ့ အဆင်ပြေလျက်ရှိသည်။

ထို့အပြင် ဒေသအားလုံးရှိ လူငယ်လူရွယ်များထံ ခေတ်မီပညာရပ်များ ရောက်ရှိစေရေးအတွက် အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံပညာကဏ္ဍ၌ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးထားရာ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေနိုင်ရေး၊ အဆင့်မြင့်ပညာရပ်များကို မိမိတို့ဒေသအတွင်း၌ပင် ဆက်လက်ဆည်းပူးသင်ယူနိုင်ရေး အစီအမံများ ဖော်ဆောင်ပေးထားသည်။

အလားတူ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် အထူးကုဆေးရုံကြီးများ၊ ဆေးရုံ၊ ဆေးပေးခန်းများ တည်ဆောက်ပေးထားပြီး ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများကိုလည်း ခန့်အပ်တာဝန်ပေးထားသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်နံတစ်လျားရှိ ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေခံလိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအားလုံးက မိမိတို့တာဝန်ကျရာဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန် မိမိတို့၏ အတတ်ပညာ၊ အသိပညာများဖြင့် ကူညီပံ့ပိုးရင်း လုပ်ငန်းတိုင်း၌ စေတနာစွမ်းအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက် မြင့်မားလာမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၈လမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်စိုးအားရည်စူး၍ ဒေါ်ကြည်ဝင်း၊ ဦးသန်းကျော်၊ ဒေါ်နွယ်မာ၊ ဒေါ်ကြည်အေး၊ ဦးထွန်းမြင့်၊ ဒေါ်အေးအေးသန်း သား၊ သမီး၊ မြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက်နှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

လေးမျက်နှာမြို့နယ်အသင်းနှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၆

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် အသင်းတိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် သက်ကြီး အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးရရှိသူများနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သား၊ သမီးများအား ဆုချီးမြှင့်မည်ဖြစ်ရာ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများသည် ဖေဖော်ဝါရီ ၃ ရက် နောက်ဆုံးထား၍ ယာယီဥက္ကဋ္ဌ ဦးကြီးမြင့် ဖုန်း-၆၅၁၆၉၃၊ ဒုတိယ ဥက္ကဋ္ဌ ဦးတင်စိုး ဖုန်း-၅၂၆၀၀၆၊ ဒုတိယ ဥက္ကဋ္ဌ ဦးခင်ချို ဖုန်း-၆၆၃၉၁၁၊ ဒုတိယ ဥက္ကဋ္ဌ ဦးဌေးကြူ ဖုန်း-၆၈၀၇၃၉၊ အတွင်းရေးမှူး ဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈ နှင့် တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း ဖုန်း-၀၉-၅၁-၂၁၄၄၉ သို့ စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လွိုင်လင်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား ရှမ်းပြည်နယ်(တောင်ပိုင်း) ဓာတ်အားဖြန့်ဖြူးခြင်းစနစ်နှင့် ကျိုင်းတောင်း -နမ့်စန် (၁၃၂-ကေဗွီ) ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းမန်နေဂျာ ဦးစိုးလှိုင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း၏ (၁၃၂/၆၆)ကေဗွီပင်မဓာတ်အားခွဲရုံ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား စီမံကိန်းမန်နေဂျာ ဦးစိုးလှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဓာတ်အားဖြန့်ဖြူးခြင်းစနစ်နှင့် ကျိုင်းတောင်း-နမ့်စန်(၁၃၂ကေဗွီ)ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် ပြီးမြောက်အောင်မြင်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

အဆိုပါ (၁၃၂ကေဗွီ) ဓာတ်အားလိုင်းသည် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံပြီးစီးပါက လျှပ်စစ်ဓာတ်အားများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအတွင်းရှိ ဒေသအသီးသီးသို့ လျှပ်စစ်ဓာတ်အားများကို ဖြန့်ဖြူးပေးသွားမည့် ဓာတ်အားလိုင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နမ့်စန်-လွိုင်လင်- တောင်ကြီးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ လွိုင်လင်မြို့ လွိုင်လင်(၁) ရိပ်သာသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးရဲမြင့်က ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းရှိ လမ်းများကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက ခရိုင်အတွင်းရှိ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်သန်းက ဒေသတွင်း စပါးစိုက်ပျိုးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့၏ ကဏ္ဍအသီးသီးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်သွားကြရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လွိုင်လင်-တောင်ကြီးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာကြပြီး တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

မနောရမ္မ ပညာဒါနပြုမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်း (ရှမ်းလမ်းဓာတ်ဆီဆိုင်အနီး) အရှေ့ဥယျာဉ်တိုက်ရှိ မနောရမ္မ ပညာဒါနကျောင်း၌ ပဓာန နာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမိန္ဒကြီးမှူး၍ ဝါရင့်ဘာသာဗေဒဆရာ၊ ဆရာမကြီးများကိုယ်တိုင် သင်ကြားပို့ချမည့် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်နှင့် ကိုရီးယားစသည့် ဘာသာစကားသင်တန်း အပတ်စဉ်(၃၄)ကို ဖေဖော်ဝါရီ ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ဘာသာစကားတစ်ခု၏ အခြေခံကို ကျွမ်းကျင်ပိုင်နိုင်စေပြီး ဆက်လက်လေ့လာဆည်းပူးရာ၌ အခြေခံကောင်းအဖြစ် အထောက်အကူပြုစေမည့် ပညာဒါန ဘာသာစကား သင်တန်းသို့ စိတ်ပါဝင်စားသူ မည်သူမဆို အဆိုပါ မနောရမ္မပညာဒါနကျောင်းနှင့် ဖုန်း-၅၃၇၀၂၆၊ ၅၁၈၀၂၄ တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

တာမွေမြို့နယ် အမက(၁၂) ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ်အဆင့်၊ ကျောင်းအဆင့် ထူးချွန်ဆုရရှိသူ မအေးနန္ဒီအောင်အား ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးစိုးမြ ဆုချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၂ ရက်(စနေနေ့)တွင် အမျိုးသားကန်တော်ကြီးဥယျာဉ် ကရဝိက် ဥယျာဉ်ကမ္ဘာ၌ ကျင်းပမည်ဖြစ်သည်။ မိတ်ဆုံစားပွဲတွင် အမှတ်တရလက်ဆောင်များ လဲလှယ်ကြမည်ဖြစ်၍ ကျောင်းသားများသည် လက်ဆောင်ပစ္စည်းများ ယူလာကြရန်နှင့် ကိုဇော်ဝင်း (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၅၁-၉၆၆၁၈၊ ၃၈၀၁၃၇၊ ကိုမောင်မောင်အောင် (ပို့ဆောင်ရေး) ဖုန်း-၅၁၂၇၄၉၊ ၅၃၆၅၄၅၊ ကိုအေးမင်း ဖုန်း-၀၉-၅၁၁၉၁၁၀၊ မစန်းစန်းဝင်း (စိန်ဒိုင်းမွန်းကုမ္ပဏီ) ဖုန်း-၅၇၂၃၂၂၊ မသင်းသင်းဆွေ (မြန်မာ့စီးပွားရေးဘဏ်) ဖုန်း-၃၇၉၁၉၃ နှင့် မရီရီဌေး (အေးငြိမ်းသာအထူးကုဆေးခန်း) ဖုန်း-၀၉-၅၀-၂၆၇၆၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့က ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ကျင်းပခဲ့သော အကြိမ်(၆၀)မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေနှင့် အာဂုံပြန် စာမေးပွဲတို့၌ အောင်မြင်ကြသည့် ပုဂ္ဂိုလ်များစာရင်းကို ဇန်နဝါရီ ၂၄ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်-

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း၊ ရေးဖြေအောင်စာရင်း

(ယမန်နေ့မှအဆက်)

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင် ဝိနယဓရ (၂၅)ပါး

၁၈။ ပလ္လင်အမှတ် (၄၂) အရှင်ပဏ္ဏဝံသ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်း။

၁၉။ ပလ္လင်အမှတ် (၄၃) အရှင်သုစိတ္တာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၀။ ပလ္လင်အမှတ် (၄၇) အရှင်အဂ္ဂ်ရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋက မဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း (ဝိသိဋ္ဌဝိနယဓရ)

၂၁။ ပလ္လင်အမှတ် (၄၈) အရှင်ပညာဇောတ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ပလ္လင်အမှတ် (၅၀) အရှင်ဇယသေန၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ ဇေယျာသုခ ဘ/က ပညာရေးကျောင်း၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၃။ ပလ္လင်အမှတ် (၅၁) အရှင်ဇောတိသာရာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၄။ ပလ္လင်အမှတ် (၅၂) အရှင်ပဏ္ဍိစ္စ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ ကျိုက္ကလှဲ့ မင်းကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ပလ္လင်အမှတ် (၅၇) အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ ပဇ္ဇောတာရုံ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ (၄၄)ပါး

၁။ ပလ္လင်အမှတ် (၆၁) အရှင်ကုမာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋက မဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့ အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ် (၆၂) အရှင်စန္ဒိမာ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ် (၆၃) အရှင်ပညာသိရီ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၄။ ပလ္လင်အမှတ် (၆၄) အရှင်ဝိစိတ္တ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋက မဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ပလ္လင်အမှတ် (၆၉) အရှင်အဂ္ဂဝံသ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။(အထူးအောင်)

၆။ ပလ္လင်အမှတ် (၇၀) အရှင်ကုမာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၇။ ပလ္လင်အမှတ် (၇၁) အရှင်ဓမ္မာစာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၈။ ပလ္လင်အမှတ် (၇၃) အရှင်ဂန္ဓမာ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၉။ ပလ္လင်အမှတ် (၇၄) အရှင်ဇောတိက၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၀။ ပလ္လင်အမှတ် (၇၅) အရှင်စန္ဒာဝရာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ မဟာခေမိကာရာမ စာသင်တိုက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်း။

(ဆက်လက်ဖော်ပြပါမည်။)

သခ်ါရကို သိမြင်ဆင်ခြင်ပါ

လူမိုက်တို့သည် ဤလောက၌ မိမိတို့ အမြဲမနေ၊ သေရဦးမည်ကို မအောက်မေ့၊ မဆင်ခြင်ဘဲ၊ ခိုက်ရန်ပွားကုန်၏။

ပညာရှိတို့သည်ကား မိမိတို့ အမြဲမနေ၊ သခါရကို သိမြင်ဆင်ခြင်ကြ၍ သူမိုက်တို့ကို မတုဘဲ၊ ခိုက်ရန်ငြိမ်းအောင် ပြုမူနေထိုင်ကြကုန်၏။ (ဓမ္မပဒ ၆)

(၆)ရပ်ကွက် ဗဟိုဓမ္မာရုံတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်းရှိ (၆)ရပ်ကွက်လုံးဆိုင်ရာဗဟိုဓမ္မာရုံကြီး၌ တရားပွဲအလှူရှင် ဦးစိုးဝင်း-ဒေါ်နီလာရွှေ မိသားစုက တရားအလှူပေးလှူမည်ဖြစ်ရာ ဇန်နဝါရီ ၃၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆရာတော် ဓမ္မဒူတအရှင်ဃောသိတ၊ ဇန်နဝါရီ ၃၁ ရက် (ကြာသပတေးနေ့)တွင် ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်)၊ ဖေဖော်ဝါရီ ၁ ရက် (သောကြာနေ့)တွင် ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

သုဝဏ္ဏသိင်္ဂီ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(ဂ)ရပ်ကွက် သံသုမာလမ်းရှိ သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာကျောင်းတိုက်တွင် (၁၀၅)ကြိမ်မြောက် ၁၀ရက်တရားစခန်းပွဲကို ဖေဖော်ဝါရီ ၃ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပြည်တွင်း ပြည်ပ သာသနာပြု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ ကစ္စာယနနှင့် ဓမ္မကထိက ဆရာကြီး ဦးစိန်ဝတို့က ပဋိစ္စသမုပ္ပာဒ် သစ္စာ တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်မည့်ယောဂီများနှင့် ဆွမ်းအလှူရှင်များ ဖုန်း-၅၇၂၃၉၅သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၁၇)ကြိမ်မြောက်အကောက်ခွန်နေ့အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

(၁၇)ကြိမ်မြောက် အကောက်ခွန်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်း တက်ရောက် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်းအမှုထမ်းများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်က ချီးမြှင့်သော ဝန်ထမ်းကောင်းဆု ရရှိသူများ၊ အားကစားဆိုင်ရာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသူများ၊ ရုံးလုပ်ငန်းဆိုင်ရာဆုချီးမြှင့်ခြင်းခံရသူများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သူများ၊ ဌာနခွဲအလိုက် ထူးချွန်ဝန်ထမ်းများ၊ ငါးကြိမ်နှင့်အထက် သွေးလှူရှင်ဝန်ထမ်းများနှင့် ပညာရည်ချွန်ဆု ရရှိသော ဝန်ထမ်းသားသမီးများအား ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဇန်နဝါရီ ၂၆ရက်သည် အကောက်ခွန်နေ့ဖြစ်သဖြင့် နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းရှိ အကောက်ခွန်ဌာနအသီးသီး၌ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပကြကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၉၁ခုနှစ်မှစတင်၍ ကမ္ဘာ့အကောက်ခွန် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂ နိုင်ငံရှိပြီဖြစ်ကြောင်း၊ အကောက်ခွန် အဖွဲ့အစည်းများသည် အကောက်ခွန်နှင့် အခြားအခွန်အခများကို ကောက်ခံပေးရုံသာမက လူမှုအသိုင်းအဝိုင်းကို လုံခြုံမှုရှိစေရေး၊ ပတ်ဝန်းကျင်ကိုကာကွယ်ပေးရေး၊ ကုန်သွယ်မှုသဟဇာတဖြစ်ရေးနှင့်

လျင်မြန်လွယ်ကူစေရေး၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကိုကာကွယ်စောင့်ရှောက်ရေး၊ ကုန်သွယ်မှု စာရင်းဇယားများကို ကောက်ယူ စုဆောင်းရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြရကြောင်း၊ အကောက်ခွန်ရှင်းလင်းမှုလုပ်ငန်းများ လွယ်ကူလျင်မြန်ရေးအတွက် အာဆီယံပြတင်းပေါက်စနစ်ကို တည်ဆောက်အကောင်အထည်ဖော်ကျင့်သုံးရေးဆိုင်ရာ အာဆီယံ သဘောတူညီချက်ကို ပါဝင်သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်၍ ၂၀၁၂ ခုနှစ်နောက်ဆုံးထားဖော်ဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"သရဏဂုံအစွမ်းအံ့မခန်း"တရားတော် (ဆရာတော် အရှင်ဇဝန) (မေတ္တာရှင်)
၇:၅၀-၁:၅၀	Soccer Update
၈:၀၅-၂:၀၅	တေးဂီတအစီအစဉ်
၈:၁၀-၂:၁၀	Sunday Talk [ရဝေနွယ်(အင်းမ)၊ မောင်ဆုရှင်၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၀၅-၃:၀၅	ပါဝင်ဆင်နွှဲပြင်ဦးလွင်မှ ရွှေရတုဂေါက်သီးရိုက်ပြိုင်ပွဲ
၉:၂၅-၃:၂၅	ပြည်တွင်းသတင်းအကျဉ်း
၉:၃၅-၃:၃၅	ဖိတ်ခေါ်လိုက်ပါသည် ငွေဆောင်ကမ်းခြေဆီ
၉:၅၀-၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀	"ကုသစောင့်ရှောက်မနေးပြည်သူအများကျန်းမာရေး" (ရန်ကုန်တိုင်းရင်းဆေးရုံကြီး)
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	"အင်း" ငွေပန်းထိမ်ရဲ့အငွေ့အသက်
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	စပါးခွံများဖြင့် လင်းလက်စေသည်
၁၁:၃၀-၅:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅-၅:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀-၅:၄၀	Euro Goals
၁၂:၀၀-၆:၀၀	လွင်မိုးခရီးသွားနေသည်(အပိုင်း-၁)
၁၂:၃၀-၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅-၆:၃၅	နိုင်ငံတကာအနုပညာရေးရာ
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	ManUtd-Tottenham	Star Sports(Live)
၁၀:၃၀	Sheffied-Man City	Star Sports(Live

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	AC Milan-Genoa	5-Cartoons (Live)

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Senegal-Angola	Euro Sport(Live)
၂:၀၀	Tunisia-South Africa	Euro Sport(Live)

မိုဆူးလ်မြို့၌ ဗုံးကွဲ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

အီရတ်နိုင်ငံမိုဆူးလ်မြို့မြောက်ပိုင်းရှိ အဆောက်အအုံတစ်ခု၌ပေါက်ကွဲမှုဖြစ်ရာ ၁၄ဦး ထက်မနည်းသေဆုံးပြီး ၁၁၂ဦး ဒဏ်ရာရရှိကြောင်းရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၃ရက်တွင် ပြောကြားသည်။

ညနေ ၄နာရီ၁၀မိနစ်တွင် လူနေအဆောက်အအုံအတွင်းပိုင်းမှ ပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း၊ ယင်းအဆောက်အအုံတွင်း၌ ဖောက်ခွဲရေးပစ္စည်းများရှိသည်ဟု သတင်းရရှိပြီးနောက် အီရတ်လုံခြုံရေးတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အဆောက်အအုံတွင်း ဝင်ရောက်ရန် ပြင်ဆင်နေချိန်တွင် စစ်သွေးကြွများက ချိန်ကိုက် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း မိုဆူးလ်မြို့ ရဲတပ်ဖွဲ့မှ ဗိုလ်မှူးချုပ်အဒူ ကာရမ်အလ် ဂျူဘူရီက ဆင်ဟွာသို့ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာနိုင်ငံ နကူရူအရပ်တွင် အကြမ်းဖက် ဆူပူနေသူအုပ်စုကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကင်ညာအလယ်ပိုင်းတွင်အကြမ်းဖက်မှုဆက်လက်ဖြစ်ပွား ပြည်သူများအစားအသောက်ပြတ်လပ်ပြီး အိုးအိမ်မဲ့ဖြစ်

နိုင်ရိုဘီ ဇန်နဝါရီ ၂၆

ကင်ညာနိုင်ငံတွင် ရွေးကောက်ပွဲပြီးဆုံးပြီးနောက် အကြမ်းဖက်မှုများ ဆက်လက် ဖြစ်ပွားရာနိုင်ငံအလယ်ပိုင်း၌ လူနေအိမ်ဒါဇင်နှင့်ချီ၍ မီးရှို့ဖျက်ဆီးခံရကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

ထိုအကြမ်းဖက် တိုက်ခိုက်မှုများကြောင့် နိုင်ငံတစ်ဝန်းတွင် ၇၀၀ကျော် သေဆုံးပြီး လူ ၂၅၀၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်။

မကြာသေးမီက ရစ်ဖ်ဘယ်လီအရပ်၌ဖြစ်ပွားသည့် အကြမ်းဖက်မှုတွင် အနည်းဆုံး လူငါးဦးအသက်ဆုံးရှုံးခဲ့ရသည်။

ကင်ညာနိုင်ငံရွေးကောက်ပွဲ တွင် လက်ရှိသမ္မတ ကီဘာကီနှင့် အတိုက်အခံခေါင်းဆောင်အိုဒင်ဂါတို့ ယှဉ်ပြိုင်အရွေးခံခဲ့ကြသည်။ ရွေးကောက်ပွဲ၌ မဲလိမ်မှုဖြစ်သည်ဟု အငြင်းပွားရာမှ နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများနေ့စဉ်ပေါ်ပေါက်လာခြင်းဖြစ်သည်။

အကြမ်းဖက်မှုများ ရက်ဆက်ဖြစ်ပွားလာသည့်အတွက် အချို့မှာ အစားအသောက်ပြတ်လပ်သည့် ဒုက္ခနှင့်ကြုံတွေ့ရသည်။ အချို့မှာ နေအိမ်များ မီးတင်ရှို့ခံရသဖြင့် အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်။ ***အင်တာနက်။***

မလေးရှား၌ ကျောင်းသား ၁၈ ဦး အစာအဆိပ်သင့်

ကွာလာလမ်ပူ ဇန်နဝါရီ ၂၆

မလေးရှားနိုင်ငံမြောက်ပိုင်း တီရင်ဂါနူပြည်နယ်မာရင့်ခရိုင်တွင် ဆင်းရဲနွမ်းပါးသော ကလေးများအတွက် ကျွေးမွေးသည့်အစားအစာကိုစားသောက်ပြီးနောက် ဇန်နဝါရီ ၂၃ ရက်က ကျောင်းသား ၁၈ ဦး အစာအဆိပ်သင့်မှုဖြစ်ပွားကြောင်း၊ ၎င်းကျောင်းသားများကို ဆေးရုံတွင် ပြုစုကုသပြီးနောက် ကျောင်းသို့ ပြန်ခေါ်လာကြောင်း နယူးစထရိတ်တိုင်းမ်သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

အဆိုပါ အစာအဆိပ်သင့်မှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို ခရိုင်ကျန်းမာရေးဌာန အကူအညီဖြင့် စုံစမ်းစစ်ဆေးရန် မာရင့်ခရိုင် ပညာရေးရုံးကို ပညာရေးဌာနက ညွှန်ကြားခဲ့သည်။

အစားအစာနမူနာကို ကျန်းမာရေးဌာနက ယူဆောင်သွားကြောင်း၊စမ်းသပ်ချက်အဖြေကို မကြာမီသိရမည် ဖြစ်ကြောင်းပညာရေးဌာနကပြောကြားသည်။

ပညာရေးဌာန တာဝန်ရှိသူများက ပြည်နယ်အတွင်းရှိ ကျောင်းစားသောက်ဆိုင်အားလုံးကို ရှောင်တခင် စစ်ဆေးမည်ဖြစ်ကြောင်း သိပ္ပံနှင့် နည်းပညာကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယား–ဗီယက်နမ် ကုန်သွယ်ရေး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ဘီလီယံရှိမည်ဟု မျှော်မှန်း

ဖနောင်ပင် ဇန်နဝါရီ ၂၆

ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံ နှစ်နိုင်ငံတို့သည် လာမည့်၁၀နှစ်တာကာလတွင်ကုန်သွယ်မှုတန်ဖိုးမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ဒသမ ၃ဘီလီယံ ရှိမည်ဟု မျှော်မှန်းထားကြောင်း ဇန်နဝါရီ ၂၄ရက်က ကမ္ဘောဒီးယားပရက်စ်ရီဗျူး သတင်းဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

၂၀၁၀ပြည့်နှစ်တွင်နှစ်နိုင်ငံကုန်သွယ်မှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ဒသမ၃ဘီလီယံရှိမည်ဟု မျှော်မှန်းကြောင်းတရားဝင်ထုတ်ပြန်သောသတင်းကို ကိုးကားပြီး သတင်းဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

အဆိုပါ နှစ်နိုင်ငံကြား ကုန်သွယ်မှုတန်ဖိုးသည်ပြီးခဲ့သည့် ၁၁လတာကာလတွင်အမေရိကန်ဒေါ်လာ၁ဒသမ၁ဘီလီယံ ရရှိကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် နှစ်စဉ် ၃၀ ရာခိုင်နှုန်းတိုးတက်မည်ဟုမျှော်မှန်းကြောင်းကမ္ဘောဒီးယားဘာသာဖြင့်ထုတ်ဝေသည့် ရက်စ်မီကမ်ပူချား သတင်းစာကဖော်ပြသည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးတန်ဖိုး တိုးတက်လာရာ ၂၀၀၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၈၀မှ ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၉၄၀ ရှိခဲ့သည်ဟု ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ အာရှ–ပစိဖိတ်ဌာနမှ ပြောကြားချက်ကို ကိုးကားပြီး ကမ်ပူချားသတင်းစာက ရေးသားသည်။ ဗီယက်နမ်နိုင်ငံသည် အဝတ်အထည်နှင့်အထည်အလိပ်၊ပလတ်စတစ်၊ ကွန်ပျူတာ၊ လျှပ်စစ်ပစ္စည်းနှင့် အပိုပစ္စည်း၊ဟင်းသီးဟင်းရွက်၊သစ်သီး၊ ပင်လယ်စာ၊လျှပ်စစ်အိမ်သုံးပစ္စည်းများကို အဓိကထားတင်ပို့သည်။ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကပို့ကုန်များမှာ ဆေးရွက်ကြီး၊ ရော်ဘာ၊ သစ်သား ထည်နှင့် အဝတ်အထည်တို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဆာဒါစီးတီးအရပ်တွင် ဇန်နဝါရီ ၂၅ ရက်က အီရတ်လုံခြုံရေးတပ်ဖွဲ့လှည့်ကင်းဖြတ်သန်းသွားစဉ် လမ်းဘေးဗုံး ပေါက်ကွဲ၍ ရဲတပ်ဖွဲ့ဝင် နှစ်ဦးဒဏ်ရာ ရရှိသွားကြောင်း ရဲသတင်းရပ်ကွက်က ပြောကြားသည်။

ဆိုးဆိုးရွားရွားပျက်စီး

ဆာဒါစီးတီးရပ် အယ်လ်မာဒါဖာရင်ပြင်အနီး၌ ပေါက်ကွဲခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။ ယင်းပေါက်ကွဲမှုကြောင့် ရဲကားမှာ ဆိုးဆိုးရွားရွား ပျက်စီးသွားသည်ဟု ဆိုသည်။

အခင်းဖြစ်ပွားရာနေရာမှာ ရှီးယိုက်များကြီးစိုးရာဒေသဖြစ်ပြီး ခေါင်းဆောင်မိုတာ ဒါအယ်လ်ဆာဒါး၏ သစ္စာခံလက်နက်ကိုင်များအင်အားကောင်းသည့် နယ်မြေလည်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းတောင်ပိုင်းရှိရွာနှစ်ရွာ လုံခြုံရေးတပ်ဖွဲ့ဝင်များဝင်ရောက်တိုက်ခိုက်

ဗန်ကောက် ဇန်နဝါရီ ၂၆

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်ရှိ ကျေးရွာနှစ်ရွာကို ဇန်နဝါရီ ၂၅ရက်က ဒေသခံရဲတပ်ဖွဲ့နှင့် စစ်ဘက်တပ်ဖွဲ့များက ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီးနောက် သောင်းကျန်းသူများဟု မသင်္ကာသူ၁၂ ဦးကို ဖမ်းဆီးသွားသည်။

အဖမ်းခံရသူများမှာ လွန်ခဲ့သောနှစ်အတွင်းက ဖြစ်ပွားသည့် အကြမ်းဖက်ဆူပူမှုတွင် ပါဝင်သည်ဟု သင်္ကာမကင်းခံရသူများ ဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့များသည် အဆိုပါနေ့က ချာနာဘီခရိုင်ရှိ လာလီကျေးရွာနှင့် ရန်ဂါခရိုင်ရှိ ဘက်ဒိုကူဘိုကျေးရွာများကို ဝင်ရောက်စီးနင်းသည်။ အချိန်လေးနာရီကြာမျှ ရှာဖွေစီးနင်းပြီးနောက် မသင်္ကာသူများကို ခေါ်ဆောင်သွားခြင်းဖြစ်သည်။

အဖမ်းခံရသူ ၁၂ဦးအား ဒီအင်အေစစ်ဆေးမှုလည်း ပြုလုပ်မည်ဟု ဆိုသည်။

ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ်များဖြစ်သည့် နာရာသီဝပ်၊ ယာလာနှင့် ပတ္တာနီဒေသများတွင် ၂၀၀၄ခုနှစ်မှစ၍ ဖြစ်ပွားနေသော ဆူပူသောင်းကျန်းမှုများကြောင့် ယနေ့အထိ ပြည်သူ ၂၅၀၀ ကျော် သေဆုံးခဲ့ရပြီ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လပ်စ်ဗီးဂတ်စ်မြို့ ဟိုတယ်တွင် မီးလောင်မှုဖြစ်ပွား

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၆

အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့ မွန်တီကာလိုကာဆီနို ဟိုတယ်၏ အပေါ်ဆုံးအထပ်တွင် ဇန်နဝါရီ ၂၅ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

သတိပေးသံမြည်

မီးမှာ နံနက် ၁၁နာရီခန့်မှစ၍ လောင်ကျွမ်းခြင်းဖြစ်သည်။ မီးလောင်ကျွမ်းချိန်တွင် ဟိုတယ်တွင်း၌ မီးသတိပေးခေါင်းလောင်းသံများ မြည်လာ၍ ဧည့်သည်များအား အလျင်အမြန် ရွှေ့ပြောင်းပေးနိုင်ကြသည့်အတွက် တစ်စုံတစ်ရာ အထိအခိုက်မရှိခြင်းဖြစ်ကြောင်း သိရသည်။

အကြောင်းရင်းမသိရသေး

အခင်းဖြစ်ပွားသော အဆောက်အအုံ၏ အပေါ်ဆုံးထပ်တွင်ဧည့်ခန်းပါသော အိပ်ခန်းများရှိပြီး မီးလောင်မှုဖြစ်ပွားရသော အကြောင်းရင်းကို မသိရသေးဟု ဆိုသည်။

သတင်းတစ်ရပ်၏ အဆိုအရ ဟိုတယ် ခေါင်မိုးပေါ်တွင် ဂဟေဆော်သည့် အလုပ်သမားများ အလုပ်လုပ်လျက်ရှိကြောင်းသိရသည်။

၁၉၉၆ခုနှစ်က စတင်ဖွင့်လှစ်သည့် မွန်တီကာလိုကာဆီနိုဟိုတယ်ကို အမ်ဂျီအမ်ကုမ္ပဏီက ပိုင်ဆိုင်ပြီး အခန်းပေါင်း ၃၀၀၀ပါဝင်သောဟိုတယ်ဖြစ်သည်။

အင်တာနက်။



အမေရိကန်နိုင်ငံ လပ်စ်ဗီးဂက်စ်မြို့ မွန်တီကာလို ကာဆီနိုဟိုတယ် မီးလောင်နေသည်ကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တူရကီရဲတပ်ဖွဲ့ တိုက်ခိုက်မှုကြောင့် အယ်လ်ခိုင်ဒါ နှစ်ဦး သေဆုံး

အစ္စတန်ဘူလ် ဇန်နဝါရီ၂၅

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းရှိ အယ်လ်ခိုင်ဒါအမာခံများ ခိုအောင်းရာဒေသကို ဝင်ရောက်စီးနင်းစဉ် တိုက်ခိုက်မှုဖြစ်ပွားသောကြောင့် စစ်သွေးကြွနှစ်ဦး သေဆုံးကြောင်း တူရကီမီဒီယာက ကြာသပတေးနေ့တွင် ပြောကြားသည်။

အစ္စလာမ္မစ် အစွန်းရောက်အုပ်စုများရှိသည့် အိမ်များကို သီးခြားသုံးနေရာတွင် ဝင်ရောက်စီးနင်းရာ ရဲတပ်ဖွဲ့ဝင်လေးဦးလည်း ဒဏ်ရာရရှိကြောင်း၊ စီအင်န်အင်န်အသံလွှင့်ဌာန၏ ဝက်ဘ်ဆိုဒ်အရ သိရှိသည်။

ဂါဇန်တက်ပ်နှင့် ကာဟာမန်မာရပ်စ်ပြည်နယ်တွင် ဝင်ရောက်စီးနင်းစဉ် အစွန်းရောက်နှစ်ဦးသေဆုံးပြီး ၁၈ ဦးကို ထိန်းသိမ်းခဲ့ကြောင်း နိုင်ငံပိုင် အနာတိုလီယန်သတင်းဌာနက ပြောကြားသည်။

စစ်ဆင်ရေးဆက်လက်ပြုလုပ်နေချိန်၌ မြို့ကြီးများတွင် ကြီးမားသော ဗုံးပေါက်ကွဲမှုများဖြစ်ပေါ်လျက်ရှိသည်။ပေါက်ကွဲရခြင်း အကြောင်းရင်းကို မသိရှိရချေ။ စီးနင်းရာ၌ အစ္စလာမ္မစ် အစွန်းရောက်အုပ်စု အဆက်အနွယ်များ၏ စာရွက်စာတမ်းများနှင့် လက်နက်အရေအတွက် အများအပြားကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိသည်။

လွန်ခဲ့သည့်လအတွင်းမှစ၍ အယ်လ်ခိုင်ဒါအဆက်အနွယ်များဟု သံသယရှိသူများကို တူရကီ ရဲတပ်ဖွဲ့က စစ်ဆင်ရေးများ ဆက်တိုက် ပြုလုပ်၍ တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

ဆိုမာလီဝန်ကြီးချုပ်နေထိုင်ရာ သမ္မတနန်းတော် စိန်ပြောင်းများဖြင့် ပစ်ခတ်ခံရ

မိုဂါဒစ်ရှူး ဇန်နဝါရီ ၂၆

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ရှိ ဝန်ကြီးချုပ်နေထိုင်ရာ သမ္မတနန်းတော်ကို စိန်ပြောင်းများဖြင့် ပစ်ခတ်ခံရသဖြင့် လူတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဆိုမာလီ ဝန်ကြီးချုပ်သည် သမ္မတနန်းတော်အတွင်း ဇန်နဝါရီ ၂၀ ရက်က ရောက်ရှိနေစဉ် စိန်ပြောင်းလေးလုံး ကျရောက်ပေါက်ကွဲခဲ့သည်။

အာဖရိကထိပ်တန်းသံတမန်နှင့် ဆိုမာလီ အာဏာပိုင်များ အစည်းအဝေးကျင်းပနေစဉ် ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်

ထိုတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကို မသိရပေ။ သို့ရာတွင် အစ္စလာမ္မစ်လက်နက်ကိုင်များက ဆိုမာလီနိုင်ငံတွင်း၌ နိုင်ငံခြားတပ်ဖွဲ့များရှိနေသည်ကို မလိုလားကြ၍ အစိုးရအဖွဲ့ကို ပြောက်ကျားနည်းဖြင့် တိုက်ခိုက်လျက်ရှိကြသည်။

ဆိုမာလီနှင့် အီသီယိုးပီးယားတပ်ဖွဲ့များသည် ၂၀၀၆ ခုနှစ်ကုန်ပိုင်းက ပူးပေါင်းစစ်ဆင်ရေး ပြုလုပ်ခဲ့ကြသည်။ အစ္စလာမ္မစ် လက်နက်ကိုင်များသည် ဆိုမာလီတောင်ပိုင်းနှင့် အလယ်ပိုင်းနယ်မြေများကို ထိန်းချုပ်ထားကြကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် အကြိုအခြေခံအဆင့် သမ္မတလောင်းရွေးပွဲ အကြိတ်အနယ်ယှဉ်ပြိုင် တောင်ကယ်ရိုလိုင်းနားတွင် အိုဘားမားက ကလင်တန်ကို အသာရနေ

ချာလစ္စတန်(တောင်ကယ်ရိုလိုင်းနား) ဇန်နဝါရီ ၂၆

အမေရိကန်နိုင်ငံ၏ အကြိုအခြေခံအဆင့် သမ္မတလောင်းရွေးပွဲတွင် ဒီမိုကရက်တစ်ပါတီအတွင်းမှ အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိရာ အိုဘားမားသည် ၎င်း၏ ပြိုင်ဘက် ဟီလာရီကလင်တန်နှင့် နှိုင်းယှဉ်ပါက ၁၃ မှတ် အသာရလျက်ရှိကြောင်း ရိုက်တာသတင်းဌာန စီ-စပန်နှင့် ကော့ဘီ ပြည်သူ့သဘောထားလေ့လာရေး ပူးပေါင်းအဖွဲ့၏ စူးစမ်းချက်တွင် ဖော်ပြထားသည်။

အိုဘားမားအား ပြည်သူထောက်ခံမှု ၃၅ ရာခိုင်နှုန်းရှိပြီး ကလင်တန်အား ထောက်ခံမှုမှာ ၂၅ ရာခိုင်နှုန်းရှိကာ ဂျွန်အက်ဒွပ်အား ထောက်ခံမှုမှာ ၂၁ ရာခိုင်နှုန်းရှိသည်။ ထိုကိန်းဂဏန်းများကိုကြည့်ပါက အိုဘားမားသည် ဒုတိယပြိုင်ဘက်အပေါ် အသာရနေသည်ကို တွေ့ရသည်။

ပြီးခဲ့သောသုံးရက်က ကောက်ယူရရှိထားသော စစ်တမ်းကို ကြည့်မည်ဆိုလျှင် အီလီနွိုက်ပြည်နယ် ဆီးနိတ်အမတ် အိုဘားမားသည် ကလင်တန်ထက် ၁၈ မှတ် အသာရနေခဲ့သည်။ ထိုစဉ်က အိုဘားမားအပေါ် ထောက်ခံမှုသည် ၄၃ ရာခိုင်နှုန်းရှိခဲ့ပြီး နောက်ဆုံးပြုလုပ်သည့် လေ့လာချက်တွင် အိုဘားမားအပေါ် ထောက်ခံမှုသည် ၃၈ ရာခိုင်နှုန်းသာရှိသည်။ ထောက်ခံမှု အနည်းငယ် ကျဆင်းသွားခြင်းဖြစ်သည်။

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ယှဉ်ပြိုင်အရွေးခံသူ ဟီလာရီကလင်တန်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ယှဉ်ပြိုင်အရွေးခံသူ အိုဘားမား။ *(ဓာတ်ပုံ-အင်တာနက်)*

မည်သို့ဆိုစေကာမူ တောင်ကယ်ရိုလိုင်းနားပြည်နယ်တွင် အိုဘားမားသည် ကလင်တန်ထက် ထောက်ခံမှုပိုမို ရလျက်ရှိသည်။ အမေရိကန်လူမည်းများ နေထိုင်မှု များပြားသော ထိုပြည်နယ်တွင် လူမည်း အမျိုးသားဖြစ်သည့် သမ္မတလောင်း ယှဉ်ပြိုင်သူ အိုဘားမားအတွက် အခွင့်အလမ်းတစ်ပန်းသာလျက်ရှိသည်။ အမေရိကန်လူမည်းများအကြားတွင် လူထုသဘောထား ကောက်ခံလေ့လာရာ ၅၅ ရာခိုင်နှုန်းက အိုဘားမားကို ထောက်ခံပြီး ၁၈ ရာခိုင်နှုန်းကသာ ကလင်တန်ကို ထောက်ခံမှုပေးသည်ကို တွေ့ရသည်။

အင်တာနက်။

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များ တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမား ၄၀ သေဆုံး

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ လူမျိုးစုအကြမ်းဖက်သမားများ နေထိုင်ရာဒေသများကို ဇန်နဝါရီ ၂၃ ရက်က လုံခြုံရေးတပ်ဖွဲ့များက အဓိကထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမား ၄၀ သေဆုံးပြီး ၃၀ ဒဏ်ရာရရှိကြောင်း စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့သည် စပင်ကီရာဂါဇိုင်ဒေသ၊ နာဝတ်ဇ်ကော့တ်ဒေသနှင့် ဝါဇီရစ္စတန်ပြည်နယ် တောင်ပိုင်း တီရာဇာဝန်းကျင်ရှိ ဒေသတို့ကို ထိုးစစ်ဆင်တိုက်ခိုက်သည်။ ၎င်းစစ်ဆင်ရေးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးပြီး ၃၂ဦး ဒဏ်ရာရရှိသည်။

ဝါဇီရစ္စတန်ပြည်နယ်တောင်ပိုင်းရှိ အကြမ်းဖက်သမားများကို ရှင်းလင်းရန် လုံခြုံရေးတပ်ဖွဲ့က အဓိကဦးတည်ဆောင်ရွက်နေသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ ဗုံးပေါက်ကွဲသွားသောနေရာအား သက်ဆိုင်ရာများက စစ်ဆေးနေသည်ကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လက်ဘနွန်တွင် အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ဘေရွတ် ဇန်နဝါရီ ၂၆

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့အရှေ့ပိုင်း၌ ဇန်နဝါရီ ၂၅ ရက်က စွမ်းအားပြင်းသောဗုံးတစ်လုံး ပေါက်ကွဲရာ ထောက်လှမ်းရေးသမားတစ်ဦးနှင့် အခြားသုံးဦးတို့ သေဆုံးသွားသည်။

ယခုတိုက်ခိုက်မှုသည် လက်ဘနွန်နိုင်ငံ၌ ဖြစ်ပွားသော ဗုံးခွဲမှုဖြစ်စဉ်များအနက် နောက်ဆက်တွဲ ဖြစ်ပွားသော တိုက်ခိုက်မှုတစ်ခုဖြစ်သည်။ ထိုတိုက်ခိုက်မှုများသည် နိုင်ငံရေးသမားများ၊ စာနယ်ဇင်းသမားများနှင့် လုံခြုံရေးအရာရှိများကို ဦးတည်ပြုလုပ်နေခြင်းဖြစ်သည်။

သေဆုံး

ဟဇ်မီခရိုင် ခုံးကျော်ကားလမ်းအနီး ထောက်လှမ်းရေး ဗိုလ်ကြီးဝီဆမ်အဒ်၏ကား ဖြတ်သန်းမောင်းနှင်စဉ် ယာဉ်ရပ်နားစခန်းတွင် ရပ်နားထားသည့် ကားတစ်စီးအတွင်းမှ ပေါက်ကွဲသွားခြင်းဖြစ်ပြီး အဆိုပါအရာရှိ သေဆုံးသွားသည်။

အဆိုပါပေါက်ကွဲမှုကြောင့် လမ်းပေါ်တွင် သုံးပေခန့်နက်သော ကျင်းကြီးဖြစ်သွားပြီး အနီးဝန်းကျင်တွင် ကားအများအပြား မီးလောင်ပျက်စီးသွားသည်။

ထောက်လှမ်းရေးအရာရှိ၏ သက်တော်စောင့်နှင့် အခြားလူနှစ်ဦး သေဆုံးပြီး လမ်းသွားလမ်းလာသုံးဦးလည်း ဒဏ်ရာရရှိသွားသည်။

ထိုအဖြစ်အပျက်မတိုင်မီ ၁၀ ရက်ခန့်က လက်ဘနွန်နိုင်ငံရှိ အမေရိကန်သံရုံး၏ ကားတစ်စီး ဗုံးဖောက်ခွဲခံရပြီး လူသုံးဦး သေဆုံးခဲ့ရသည်။

ယခုလအတွင်း၌ လက်ဘနွန်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကုလသမဂ္ဂတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒီဇင်ဘာလအတွင်းကလည်း အလားတူ ဗုံးကွဲမှုတစ်ခုဖြစ်ပွားရာ ဗိုလ်ချုပ်တစ်ဦး သေဆုံးခဲ့ရသည်။

လွတ်မြောက်ခဲ့

ထောက်လှမ်းရေးဗိုလ်ကြီးအဒ်သည် အသက် (၃၁)နှစ်အရွယ်ရှိ အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ ၂၀၀၆ ခုနှစ်ကလည်း ၎င်းအားလုပ်ကြံရန် ကြိုးစားမှုဖြစ်ပေါ်ခဲ့သော်လည်း လွတ်မြောက်ခဲ့သည်။

အဒ်သည် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုများ၊ ဆဲလ်ဖုန်းဖြင့် ဗုံးခွဲသည့်လုပ်ရပ်များနှင့် လက်ဘနွန်နိုင်ငံရှိ ထိပ်ပိုင်းအရာရှိများအား လုပ်ကြံသတ်ဖြတ်မှုများကို စုံစမ်းထောက်လှမ်းရာ၌ အရေးပါသော အရာရှိတစ်ဦးဖြစ်သည်။

အင်တာနက်။

အီရန်၏ရေနံဓာတုဗေဒပစ္စည်းတင်ပို့မှု ၁၀လအတွင်း ၄ဒသမ ၂၆၉ဘီလီယံဒေါ်လာသို့ရောက်ရှိ

တီဟီရန် ဇန်နဝါရီ ၂၆

အီရန်နိုင်ငံ၏ ရေနံဓာတုဗေဒပစ္စည်း တင်ပို့မှုသည် ၁၀ လတာအချိန်အတွင်း တန်ချိန် ၇ ဒသမ ၀၂၆ သန်းရှိသဖြင့် ဝင်ငွေ အမေရိကန် ဒေါ်လာ ၄ ဒသမ ၂၆၉ ဘီလီယံရရှိခဲ့ကြောင်း ဇန်နဝါရီ ၂၅ရက်က ထုတ်ဝေသော ဒေသ သတင်းစာ ကေဟန်အင်တာနေရှင်နယ်က ဖော်ပြသည်။

သဘာဝဓာတ်ငွေ့ရည်

၁၀ လတာကာလမှာ ၂၀၀၇ ခုနှစ် မတ် ၂၁ ရက်မှ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၀ရက်အထိဖြစ်သည်။ တင်ပို့သော ရေနံဓာတုဗေဒ ပို့ကုန်များအနက် သဘာဝဓာတ်ငွေ့ရည် ပမာဏမှာ အချိုးအစားအများဆုံး ပါဝင်သည်။

တင်ပို့

သဘာဝဓာတ်ငွေ့ရည် တန်ချိန် ၁ ဒသမ ၈၇၉ သန်းကို တင်ပို့ခဲ့ကြောင်း အီရန် ရေနံဓာတုဗေဒ ရောင်းဝယ်ရေးကုမ္ပဏီ (အိုင်ပီစီစီ) က ဖော်ပြသည်။

နိုင်ငံ၏ ရေနံဓာတုဗေဒ ပို့ကုန်တန်ဖိုးသည် ၂၀၀၈ခုနှစ် မတ်လလယ်သို့အရောက်တွင် အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိ ရောက်ရှိလာရန် ခန့်မှန်းထားသည်။

အီရန်နိုင်ငံ၏ ရေနံဓာတုဗေဒ ပို့ကုန်အများစုကို နိုင်ငံတောင်ပိုင်းရှိ ပါစ်အထူးစွမ်းအင် စီးပွားရေးဇုန် (ပီအက်စ်အီးအီးဇက်) မှ တင်ပို့သည်။ ကိုးလအတွင်း ထိုဇုန်မှ တင်ပို့သော ရေနံဓာတုဗေဒပစ္စည်းအလေးချိန်သည် တန် ၃ ဒသမ ၀၅၈ သန်းရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယူကရိန်းလူမျိုး စီးပွားရေးသမား ရုရှားနိုင်ငံ၌ ထိန်းသိမ်းခံရ

မော်စကို ဇန်နဝါရီ ၂၆

အမေရိကန်နိုင်ငံက အလိုရှိသော ယူကရိန်းလူမျိုး စီးပွားရေးသမား ဆိုင်မွန်မိုဂီလီဗစ်ချ်ကို လိမ်လည်မှု၊ ငွေကြေးခဝါချမှုနှင့် ခြိမ်းခြောက်ငွေညှစ်မှုများဖြင့် ရုရှားနိုင်ငံက ထိန်းသိမ်းခဲ့ကြောင်း ရုရှား မီဒီယာက သောကြာနေ့တွင် ဖော်ပြသည်။

မိုဂီလီဗစ်ချ်သည် ဇန်နဝါရီ ၂၄ရက်က မော်စကိုမြို့ ဗီလာဒီမာနီကာဆော့ဒေသတွင် ရုရှားနိုင်ငံ ထိပ်တန်းရေမွှေးနှင့် အလှပြင်ပစ္စည်းများရောင်းချပွဲ ကျင်းပနေစဉ် တာဝန်ရှိသူများက ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦး၏ ပြောကြားချက်အရ အင်တာဖက်နှင့် အီတာ-တာ့ခ်သတင်းဌာနက ကိုးကားဖော်ပြသည်။

မိုဂီလီဗစ်ချ်ကို လိမ်လည်မှုနှင့် ငွေကြေးခဝါချမှုများဖြင့် အလိုရှိကြောင်း အမေရိကန်ရှိ အက်ဖ်ဘီအိုင်က ပြောကြားခဲ့သည်။

မိုဂီလီဗစ်ချ်၏ အခြားအမည်တစ်ခုမှာ ဆာဂီရှန်နိုင်ဒါဖြစ်ကြောင်း၊ ၎င်းကို မော်စကိုမြို့လယ်တွင် ရဲတပ်ဖွဲ့ဝင်နှင့် အထူးတပ်ဖွဲ့ဝင် ၅၀ ခန့်တို့က ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဝါးကတုတ်ရေကူရေလှောင်တမံ ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီးဖွင့်လှစ် ပဲခူးတိုင်းအတွင်း မိုးစပါးဧက သိန်း ၃၀ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် နွေစပါးဧက သုံးသိန်းပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး အထောက်အကူရစေမည်

နေပြည်တော်   ဇန်နဝါရီ   ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီးရှိ ဝါးကတုတ်ရေကူရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲ တွင် အဆိုပါရေကူရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားရာတွင် ဝါးကတုတ်ရေကူရေလှောင်တမံကို ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် ဝါးကတုတ်ရေကူရေလှောင်တမံက ဆည်ရေကို ရေထုတ်ပြွန်မှ ထိန်းညှိထုတ်လွှတ်ပေးပြီး ဝါးကတုတ်ချောင်းအတိုင်း မိုးယွန်းကြီးအင်းအတွင်း တိုက်ရိုက်စီးဝင်စေမည် ဖြစ်ကြောင်း၊ မိုးယွန်းကြီးအင်းကို ရေကူဖြည့်ပေးခြင်းဖြင့် ပဲခူးတိုင်းအတွင်း စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုစေသည့်အပြင် မိုးယွန်းကြီးအင်းအတွင်းက ဆည်ရေကို ပဲခူး-စစ်တောင်းတူးမြောင်းအတိုင်း လွှဲယူပြီး ပုဂံ-ညောင်ပင်ရေလွှဲပေါက်မှ တစ်ဆင့် သနပ်ပင်-သုံးခွကားလမ်းနံဘေးတစ်လျှောက် တူးမြောင်းဖြင့် သွယ်ယူခြင်းဖြင့် ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် အမြဲတမ်း စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုမည်ဖြစ်ကြောင်း။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးမြို့နယ် ဝါးကတုတ်ရေကူရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းအတွင်းတွင် မိုးစပါးဧက သိန်း ၃၀ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် နွေစပါးဧက သုံးသိန်းပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးတို့ အတွက်လည်း ဤရေလှောင်တမံသည် အထောက်အကူရစေမည် ဖြစ်ကြောင်း။

ယခုအခါ ဝါးကတုတ် ရေကူရေလှောင်တမံအပြင် ဝါးကတုတ်တမံနှင့် ဆည်အစုအဖွဲ့ဖြစ်သည့် ရွှေလောင်း၊ စလူ၊ ကိုဒူကွဲရေလှောင်တမံများ တည်ဆောက်ရန် ရှိသည့်အနက် ကိုဒူကွဲ ရေလှောင်တမံကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ တည်ဆောက်ပြီးစီးပါက ဆည်ရေကို ပဲခူးမြစ်အတိုင်း ထုတ်လွှတ်မည်ဖြစ်ပြီး ဇောင်းတူရေလွှဲ ဆည်မှ ဆည်ရေသောက် ဧရိယာများနှင့် ပဲခူး-စစ်တောင်း တူးမြောင်းတစ်လျှောက် စိုက်ပျိုးမြေများကို စိုက်ပျိုးရေပိုမိုရရှိရေး၊ ရန်ကုန်မြို့တော် အရှေ့ခြမ်း မိုင် ၃၀ ဝန်းကျင် အမြဲတမ်းစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုမည် ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် ဝါးကတုတ်ရေကူရေလှောင်တမံသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူပြီးနောက် တည်ဆောက် ပြီးစီးခဲ့သော ၂၀၇ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ပဲခူးတိုင်းအနေဖြင့် ၄၄ခုမြောက် စီမံကိန်းဖြစ်ကြောင်း၊ ယင်းကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်က တည်ဆောက်ပြီးစီးခဲ့သည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ ရေလွှဲဆည်များအနက် ပဲခူးတိုင်း၌ ၂၃ရာခိုင်နှုန်းခန့် တည်ဆောက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အနေဖြင့် ဆန်ပိုလျှံရေး၊ ဆီဖူလုံရေးအတွက် ဦးတည်ရည်မှန်းဆောင်ရွက်လျက်ရှိရာတွင် ပဲခူးတိုင်းသည် ဦးတည်ရည်မှန်းချက်ကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်သည့် တိုင်းဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် အရေးပါသော ဒေသတစ်ခုဖြစ်သည့်အလျောက် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းစီမံကိန်းများကို နိုင်ငံတော်က စီမံဆောင်ရွက်ပေးခဲ့ရာ ပဲခူးရိုးမအရှေ့ခြမ်းတွင် ဆည်၊ ရေလှောင်တမံနှင့် ရေထိန်းတံခါး စုစုပေါင်း ၄၃ ခုက လယ်ယာမြေဧကခြောက်သိန်းကျော်ကို အကျိုးပြုလျက်ရှိကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် ဤဝါးကတုတ် ရေကူရေလှောင်တမံသည် အဓိကကျသည့် ရေရရှိရေး အထောက်အကူပြု ရေလှောင်တမံ စီမံကိန်းဖြစ်ကြောင်း။

ဝါးကတုတ်ရေကူရေလှောင်တမံသည် သနပ်ပင်နှင့် သုံးခွဒေသ၌ရှိသည့် ကျေးရွာများ၏ လယ်မြေဧက ၁၂၀၀ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့အပြင် မိုးယွန်းကြီးအင်းကိုလည်း ရေကူပေးမည်ဖြစ်သည့်အတွက် မိုးယွန်းကြီးအင်း၏ ရေသောက်ဧရိယာဧက ၄၃၀၀၀ ကျော်၏ နွေစပါးစိုက် ဧရိယာများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ကိုကိုက ဝါးကတုတ် ရေကူရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေး နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဝါးကတုတ် ရေကူရေလှောင်တမံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဝါးကတုတ် ရေကူရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံ အမြင့် ၈၆ပေ၊ ပင်မတမံအလျား ပေ ၆၄၀၀နှင့် ကုန်းကျောတမံ ၃၁၅၅ ပေရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ ၃၂၆၀၀ရှိသည်။ ရေထုတ်ပြွန်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျား ၂၅၅ ပေရှိကာ ခြောက်ပေ X လေးပေ ရေထုတ်ပြွန်တစ်ပေါက်ပါရှိသည်။ ရေပိုလွှဲသည် အကျယ်ပေ ၃၀၊ အလျားပေ ၄၃၀ ရှိသည်။ (သတင်းစဉ်)

ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီးရှိ ဝါးကတုတ် ရေကူရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ ကတိုက်ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Say It In English.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂:၀၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "ပျော်စရာကြီး" (ဒွေး၊ သားညီ၊ ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ သဇင်) (ဒါရိုက်တာ-သီဟတင်သန်း)**
- ၁:၃၅ ၆။ ထွက်နှုန်းများ လွန်တိုးပွား လွန်ကျော်ခြိ၏ ငွေချည်(၆) စွမ်းအား
- ၁:၅၀ ၇။ အတီးပြိုင်ပွဲ
- ၂:၀၀ ၈။ တေးဂီတအစီအစဉ်
- ၂:၁၅ ၉။ "ရေမြင့်-ကြာတင့်" (ခန့်စည်သူ၊ ရော၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဌမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၂:၃၀ ၁၀။ ယူးချောင်းတံတား
- ၂:၄၅ ၁၁။ International News.
- ၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Every day Use.
- ၄:၄၀ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ အထူးပြုများ) (ရူပဗေဒ)**
- ၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၁၀ ၆။ တေးဂီတအစီအစဉ်
- ၅:၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ **"ဇင်ဇင်နှင့် ခြင်ကျား" (ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်၊ (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
- ၆:၅၀ ၁၁။ ဂြိုဟ်တုအသုံးပြုရုပ်မြင်သံကြားထုတ်လွှင့်ခြင်းနှင့် နိုင်ငံတကာကျင့်ထုံးများ
- ၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း-၈)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချိုမြိန်သော အချစ်နေ့" (အပိုင်း-၁၆)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

၂၀၀၈ ခုနှစ် မောင်မြန်မာနှင့် မယ်မြန်မာရွေးပွဲ အောင်ခိုင်ဝင်းနှင့် စုစုစံတို့ အောင်ပွဲဆင်

တွေ့ဆုံမေးမြန်း-ဇော်ဝင်း (ကြေးမုံ)

မှတ်တမ်းဓာတ်ပုံ- ဌေးအောင် (ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်က ကြီးမှူးပြီး MDG Co., Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၀၈ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့သည်။



၂၀၀၈ခုနှစ် မောင်မြန်မာ အောင်ခိုင်ဝင်းနှင့် မယ်မြန်မာ စုစုစံတို့အား ဆုများနှင့်အတူ။

ပြိုင်ပွဲတွင် မောင်မြန်မာ(အငယ်တန်း)၊ မောင်မြန်မာ (အကြီးတန်း) နှင့် မယ်မြန်မာပြိုင်ပွဲ သုံးရပ်ပါဝင်ရာ မောင်မြန်မာ (အငယ်တန်း)တွင် ပထမ ခင်မောင်ကျော်၊ ဒုတိယ အောင်ချမ်းလင်းနှင့် တတိယ ပြည့်စုံတို့ ဆုများ ဆွတ်ခူးကြသည်။ မောင်မြန်မာ (အကြီးတန်း)ပြိုင်ပွဲ၌ ပထမ အောင်ခိုင်ဝင်း၊ ဒုတိယ အောင်ဆွေနိုင်နှင့် တတိယ သန်းနိုင်တို့ ရရှိကြသည်။

မယ်မြန်မာပြိုင်ပွဲတွင် ပထမ စုစုစံ၊ ဒုတိယ ဝတ်ရည်ဖြိုးနှင့် တတိယ ငုဝါခိုင်တို့ ဆုများ ဆွတ်ခူးရရှိသွားကြသည်။

ဆုချီးမြှင့်ပွဲအပြီး၌ ကြေးမုံသတင်း အဖွဲ့သည် မောင်မြန်မာ (အကြီးတန်း) ပထမဆုရှင် အောင်ခိုင်ဝင်းနှင့် တွေ့ဆုံရာတွင် "မိမိအနေဖြင့် ၁၉၉၈ခုနှစ်မှစ၍ ကာယဗလအားကစားကို စတင်လေ့ကျင့်သင်ကြားခဲ့ပြီး မကွေးတိုင်း ငဖဲမြို့နယ် ပဒါန်းကျေးရွာမှ စတင်ခဲ့ကြောင်း၊ ၂၀၀၂ နှင့် ၂၀၀၃ ခုနှစ် မောင်မြန်မာပြိုင်ပွဲများတွင် ပထမရရှိခဲ့ဖူးပြီး ၂၀၀၇ ခုနှစ်တွင် တတိယရရှိခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ကျင်းပသည့် (၂၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကာယဗလပြိုင်ပွဲတွင် တတိယ၊ ၂၀၀၅ ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဒုတိယနှင့် ၂၀၀၇ ခုနှစ် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကာယဗလပြိုင်ပွဲ ကီလို (၇၀) တန်းတွင် ပထမရရှိခဲ့ကြောင်း၊ လက်ရှိတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ မိမိအနေဖြင့် မှန်ကန်သော နည်းစနစ်များဖြင့် မြင့်မားသည့် ရည်မှန်းချက်ထားကာ ကြိုးပမ်းလေ့ကျင့်ကြောင်း၊ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းရေးအတွက် အာဟာရဖြည့်တင်းမှုကို စည်းစနစ်ကျစွာ ပြုလုပ်စားသုံးကြောင်း၊ မိမိ ယှဉ်ပြိုင်သမျှ ပြိုင်ပွဲ၊ ပြည်တွင်း၊ ပြည်ပပွဲများတွင် ပထမရရှိရေးအတွက် လေ့ကျင့်သားပြည့်ဝစေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ၂၀၀၇ ခုနှစ် မောင်မြန်မာပြိုင်ပွဲ၌ တတိယဆုရရှိခဲ့ခြင်းသည် ယခုနှစ် ပြိုင်ပွဲအတွက် အကြီးမားဆုံး တွန်းအားဖြစ်ပြီး ၂၀၀၈ခုနှစ် မောင်မြန်မာ (အကြီးတန်း) ဆုကို ရရှိနိုင်စေခဲ့သည်ဟု ယုံကြည်ပါကြောင်း" ဖြင့် ပြောကြားသည်။

ဆက်လက်၍ ၂၀၀၈ခုနှစ် မောင်မြန်မာ(အကြီးတန်း) ဒုတိယဆုရှင် အောင်ဆွေနိုင်က ကြေးမုံသို့ ပြောကြားရာတွင် "၁၉၉၆ ခုနှစ်တွင် ကာယဗလအားကစား စတင်ကစားခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ပြိုင်ပွဲများဝင်ခဲ့ကြောင်း၊ ၂၀၀၁ နှင့် ၂၀၀၄ ခုနှစ် မောင်မြန်မာပြိုင်ပွဲများတွင် တတိယနှင့် ၂၀၀၇နှင့် ယခု ၂၀၀၈ ခုနှစ် မောင်မြန်မာပြိုင်ပွဲတွင် ဒုတိယဆုများရရှိခဲ့ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲအနေဖြင့် ၂၀၀၇ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ကာယဗလပြိုင်ပွဲတွင် ကီလို (၈၀)တန်း၌ တတိယဆုရရှိခဲ့ကြောင်း၊ မြို့တော်စည်ပင် ဆက်ဆံ/ပြန်ကြားဌာနတွင် တာဝန် ထမ်းဆောင်နေပြီး နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရေးအတွက် လေ့ကျင့်ပြင်ဆင်နေကြောင်း" ဖြင့် ပြောကြားသည်။

၂၀၀၈ခုနှစ် မောင်မြန်မာ (အကြီးတန်း)ပြိုင်ပွဲ ပထမ အောင်ခိုင်ဝင်း၊ ဒုတိယ အောင်ဆွေနိုင်နှင့် တတိယ သန်းနိုင်။

ကာယဗလနှင့် ကာယအလှ အားကစားပရိသတ်တို့ စိတ်ဝင်စားမှုမြင့်မားသည့် မယ်မြန်မာပြိုင်ပွဲ ပထမဆုရရှိသည့် စုစုစံက ကြေးမုံနှင့်တွေ့ဆုံရာတွင် "မိမိအနေဖြင့် အသက် (၁၃)နှစ်အရွယ်ကပင် ကာယအလှလေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ကြောင်း၊ ပြိုင်ပွဲ ၁၆ ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ၁၃ ကြိမ်တွင် ပထမရရှိခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ်တွင် မယ်ဒဂုံ၊ ၂၀၀၂ ခုနှစ် ရွှေမြန်မာမယ်၊ ၂၀၀၂ခုနှစ်အတွက် YMCA မယ်၊ ၂၀၀၃ ခုနှစ်တွင် အိုလံပစ်မယ် (Miss Star)၊ ၂၀၀၄ ခုနှစ် ရန်ကုန်တိုင်း ပြည်ထောင်စုမယ် ပထမ၊ ၂၀၀၆ ခုနှစ်တွင် ပြည်နယ်နှင့်တိုင်းမယ် ပထမ၊ ၂၀၀၇ခုနှစ် ကြည်း၊ ရေ၊ လေမယ် ပထမ၊ ၂၀၀၇ခုနှစ် အိုလံပစ်မယ် ပထမနှင့် ယခု ၂၀၀၈ ခုနှစ်အတွက် မယ်မြန်မာတို့ ဖြစ်ကြောင်း၊ ပြိုင်ပွဲများဝင်ရာတွင် လေ့ကျင့်မှုအပြည့်အဝဖြင့် စိတ်ဓာတ်ပြင်းပြစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း" ဖြင့် ပြောကြားသည်။

၂၀၀၈ ခုနှစ် မယ်မြန်မာပြိုင်ပွဲ ပထမ စုစုစံ၊ ဒုတိယ ဝတ်ရည်ဖြိုးနှင့် တတိယ ငုဝါခိုင်တို့အား ဆုယူအပြီး တွေ့ရစဉ်။

ကြေးမုံသတင်းအဖွဲ့ နောက်ဆုံးတွေ့ဆုံခဲ့သူမှာ ၂၀၀၈ ခုနှစ် မယ်မြန်မာပြိုင်ပွဲ ဒုတိယဆုရရှိသူ မဝတ်ရည်ဖြိုးဖြစ်သည်။ မဝတ်ရည်ဖြိုးက "မိမိမှာ ပဲခူးတိုင်း ပဲခူးမြို့မှ လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ ကာယအလှ လေ့ကျင့်မှုကို အသက် (၂၀)အရွယ်က ကျန်းမာရေးအတွက် ပြုလုပ်ခဲ့ရာမှ ဆရာများ၏တိုက်တွန်းမှုကြောင့် ပြိုင်ပွဲများ ဝင်ခဲ့ကြောင်း၊ ၂၀၀၄ခုနှစ်နှင့် ၂၀၀၇ခုနှစ် မယ်မြန်မာပြိုင်ပွဲများတွင် ဒုတိယဆုများရရှိခဲ့ပြီး ၂၀၀၈ ခုနှစ် (ယခု)နှစ်တွင်လည်း ဒုတိယရရှိခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် အိုလံပစ်မယ်ပြိုင်ပွဲများတွင်လည်း ဒုတိယဆုများရရှိခဲ့ပြီး နောင်ကျင်းပမည့် အိုလံပစ်မယ်နှင့် မယ်မြန်မာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် လေ့ကျင့်နေကြောင်း" ဖြင့် ပြောကြားသည်။

၂၀၀၈ ခုနှစ် မောင်မြန်မာ နှင့် မယ်မြန်မာပြိုင်ပွဲများမှ ထွက်ပေါ်လာသည့် ကာယဗလနှင့် ကာယအလှ မောင်/မယ်များ၏ မြင့်မားသော စွမ်းဆောင်မှုများသည် နိုင်ငံတကာပြိုင်ပွဲများအတွက် တွန်းအားတစ်ရပ်အဖြစ် သုံးသပ်မိပါသည်။

(ကြေးမုံ)

✻ ကျောဖုံးမှ

အသည်းအစားထိုးကုသမှုခံယူသူမှာ အသက် ၁၅နှစ်အရွယ်ရှိ ဒီမီလီးဘာရီနန်ဆိုသူ မိန်းကလေးဖြစ်သည်။ သူမသည် အသက်ကိုးနှစ်အရွယ်က ကိုယ်အင်္ဂါအစားထိုးကုသခံရခြင်းဖြစ်သည်။ ယခုအခါ ၎င်း၏ သွေးအမျိုးအစားနှင့် ခုခံမှုစနစ်သည် အသည်းပေးလှူသူ၏ သွေးအမျိုးအစားနှင့် ပေးလှူသူ၏ ခုခံမှုစနစ်အတိုင်း ပြောင်းလဲဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း ဆရာဝန်များက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

ဘာရီနန်၏ သွေးသည် မူလက အိုအနုတ်အမျိုးအစားသွေးဖြစ်သော်လည်း ယခုအခါ၎င်း၏ သွေးသည် အိုအပေါင်းအမျိုးအစားသို့ ပြောင်းသွားသည်။ ခွဲစိတ်အစားထိုးစဉ်က ဘာရီနန်ကို အစားထိုးသော ကိုယ်အင်္ဂါ အစိတ်အပိုင်းအား ဆန့်ကျင်တွန်းလှန်ခြင်းမပြုစေရန် ဆေးဝါးများကို ပေးခဲ့ရသည်။

ခုခံမှုစနစ်တစ်ခုလုံးပြောင်းလဲ

သူမကို အစားထိုးပေးထားသော အသည်းအသစ်မှလာသည့် သွေးပင်မဆဲလ်များသည် ဘာရီနန်၏ ခန္ဓာကိုယ်ရှိ ရိုးတွင်းခြင်ဆီအတွင်း ဝင်ရောက်၍ ၎င်း၏ ခုခံမှုစနစ်တစ်ခုလုံးကို ပြောင်းလဲသွားစေခြင်းဖြစ်သည်။

ယင်းသို့ ဘာရီနန်၏ ကိုယ်တွင်းရှိ ခုခံမှုစနစ်ပြောင်းသွားသဖြင့် သူမ၏ ကိုယ်ခန္ဓာသည် အစားထိုးသည့်အင်္ဂါကို ကောင်းစွာလက်ခံနိုင်သည့် အခြေအနေသို့ရောက်သွားသည်။

သူမအားပြင်ပအင်္ဂါအစိတ်အပိုင်းကို လက်ခံလာစေရန် ခုခံမှုစနစ်နှိမ်ပေးသော ဆေးဝါးများကို ယခင်က ထိုးပေးခဲ့ရသည်။ သို့သော် ယခုအခါ ဘာရီနန်၏ သွေးနှင့် ကိုယ်တွင်းခုခံမှုစနစ်သည် အလှူရှင်၏ ခုခံမှုစနစ်နှင့် တစ်သားတည်းဖြစ်သွားသဖြင့် သူမအား ခုခံမှုစနစ်နှိမ်ပေးရသော ဆေးဝါးများ ထိုးပေးစရာမလိုတော့ကြောင်း သိရသည်။

ဘာရီနန်၏အကြောင်း ဆေးပညာရှုထောင့်မှ ရေးသားထားသော လေ့လာချက်ကို နောက်ဆုံးထုတ် နယူးအင်္ဂလန်ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။ မိန်းကလေး၏ ဖြစ်စဉ်အသေးစိတ်ကို ဆေးပညာသဘောအရ ရှင်းလင်းနိုင်ရန် ခက်ခဲကြောင်း ဆစ်ဒနီမြို့ ဝက်စမိဒ်ကလေးဆေးရုံမှ ဆရာဝန်များက ပြောကြားသည်။ ဆေးပညာလောကတွင် ယခင်က အလားတူ သာဓကမျိုးမရှိဖူးသေးကြောင်း ဆရာဝန် မိုက်ကယ်စတော်မွန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အတိတ်ရဲ့သံစဉ်**
၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၆၆)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **FA-CUP-2008 ဘောလုံးပွဲ အစီအစဉ် – Shelf Field Vs Manchester City (live)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိကပါဝင်မှု ၉၀ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် တိုင်းရင်းသားလုပ်ငန်းရှင်များကို နိုင်ငံတော်အနေဖြင့် အဆက်မပြတ်အားပေးလျက်ရှိ

✻ ရှေ့ဖုံးမှ

လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် မပြတ် ထိတွေ့ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်လျက်ရှိခြင်းကြောင့် တိုးတက်အောင်မြင်မှုများကိုလည်း မြင်တွေ့နေရပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက်(၄)ရပ် ချမှတ်ပြီး တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားရေး၊ စက်ကိရိယာအမယ်သစ်များ တိုးတက်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ်ပြောင်းလဲနိုင်ရန်အတွက် အခြေခံကောင်းများရရှိနိုင်ရေး ဦးတည်ချက်(၅)ရပ် ချမှတ်ပေးခဲ့ကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် စက်မှုဇုန်များ တိုးတက်လာစေရန်အတွက် နိုင်ငံတော်အနေဖြင့် ခေတ်မီစက်ကိရိယာများ သုံးစွဲတတ်အောင် ကျွမ်းကျင်မှုအကူအညီများပေးနေသကဲ့သို့ စက်ကိရိယာပစ္စည်းများ ဝယ်ယူတပ်ဆင်နိုင်အောင်လည်း ငွေရေးကြေးရေးအကူအညီများ ပေးခဲ့ကြောင်း၊ တွင်ခုံ၊ ဖောက်ခုံ၊ သံဖြတ်လွှစက်နှင့် CNC Machine များကို စက်မှုဇုန်များ၌ အသုံးပြုနိုင်စေရန်နှင့် လယ်ယာသုံးစက်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းများထုတ်လုပ်မှုတွင် အခြေခံကျသည့် သံနှင့်သံထည်ပစ္စည်းများ သွန်းလောင်းခုတ်စားမှုလုပ်ငန်းကို ပိုမိုခေတ်မီလာစေရန်အတွက် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်၊ တောင်ကြီး အေးသာယာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စား စက်ရုံများနှင့် ရန်ကုန်မြို့၌ Mould နှင့် Die machine စက်ရုံများ စသည့် အတိုင်းအတာ တိတိကျကျ ထုတ်လုပ်ပေးနိုင်သော အလုပ်ရုံများကို နိုင်ငံတော်က အားပေးထူထောင်ပေးခဲ့ကြောင်း။

မန္တလေး၊ မုံရွာ၊ တောင်ကြီးအေးသာယာစက်မှုဇုန်တို့၌ လုပ်ငန်းများလည်ပတ်နိုင်ရန် ကုမ္ပဏီများ တွဲဖက်ထူထောင်ပေးပြီး အားပေးခဲ့ကြောင်း၊ ယခုဆိုလျှင် ကုမ္ပဏီများ၌ အစုရှယ်ယာထည့်ဝင်မှု ကျပ်သန်း ၆၂၇၈သန်း ရရှိခဲ့ပြီး လုပ်ငန်းများလည်း လည်ပတ်နေပြီဖြစ်ကြောင်း၊ ယင်းစက်မှုဇုန်များအနေဖြင့် ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ် ကုန်ထုတ်လုပ်မှု ကျပ်သန်း ၁၄၈၈ဖိုးခန့် ရှိခဲ့ပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာအထိ ကျပ် ၁၄၄၀ သန်းခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ထည့်ဝင်ငွေများကို ပြန်လည်ပေးဆပ်နေပြီဟုလည်း သိရကြောင်း။

ယခုကဲ့သို့ တိုးတက်မှုများရရှိနိုင်ရန်အတွက် ထိထိရောက်ရောက် လက်တွေ့ကျကျ ပေါင်းစပ်ညှိနှိုင်းပေးမည့် လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်ရေးဆပ်ကော်မတီ၊ မော်တော်ယာဉ်ထုတ်လုပ်မှု ကြီးကြပ်ရေးဆပ်ကော်မတီ၊ သံနှင့် သံမဏိထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၊ စက်မှုလက်မှုသုတေသန ဖွံ့ဖြိုးရေးနှင့် နည်းပညာဖြန့်ချိရေး ဆပ်ကော်မတီ စသည်ဖြင့် ဆပ်ကော်မတီ ၁၀ ခုကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်စေခဲ့ကြောင်း။

ယင်းကဲ့သို့ ဖွဲ့စည်းဆောင်ရွက်မှုကြောင့် သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းဖြစ်သည့် လက်တွန်းထွန်စက် ထုတ်လုပ်မှုလုပ်ငန်း၊ လယ်ယာသုံးကုန်တင်ယာဉ်ငယ် ထုတ်လုပ်မှုလုပ်ငန်း၊ နှစ်ဘီးသုံးဘီး မော်တော်ဆိုင်ကယ် ထုတ်လုပ်မှုလုပ်ငန်း၊ ဘတ်စ်ကားနှင့် ကုန်တင်ကားထုတ်လုပ်မှုလုပ်ငန်း၊ ဆန်စက်ငယ်နှင့် ရေအားလျှပ်စစ် တာဘိုင်အငယ်စားထုတ်လုပ်မှုလုပ်ငန်းများ၊ ရော်ဘာသုံးစက်အရန်ပစ္စည်းများအပါအဝင် ရော်ဘာပစ္စည်းအမျိုးမျိုး ထုတ်လုပ်သောလုပ်ငန်းများ သိသိသာသာ တိုးတက်နေပြီဖြစ်ကြောင်း။

စက်မှုဇုန်များအနေဖြင့် ဒေသတစ်ခုနှင့်တစ်ခု အနေထားချင်းမတူညီသကဲ့သို့ Industrial Talent ချင်းလည်း မတူညီခြင်းကြောင့် စက်မှုဇုန်အလိုက် အပြန်အလှန်အထောက်အကူပြုပြီး တိုးတက်အောင် နည်းလမ်းများ ရှာဖွေကြရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ၏ အခြေခံအားကိုရယူပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းကို တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များသည် စုစုစည်းစည်းနှင့် နိုင်ငံတော်၏ ထိုက်တန်သည့် အားပေးထောက်ပံ့မှုများ၊ စောင့်ရှောက်မှုများလည်း ရရှိခံစားနေကြရပြီဖြစ်သည့်အတွက် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်လမ်းကြောင်းအတိုင်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့အပြင် အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများသည် စက်မှုကဏ္ဍတွင် အများစုပါဝင်ပြီး အရင်းအနှီးနှင့်အတတ်ပညာအားနည်းသည့် ပုဂ္ဂလိကလုပ်ငန်းငယ်အများစု လုပ်ကိုင်နေသော လုပ်ငန်းများဖြစ်ကြောင်း၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းငယ်များကို ပြုစုပျိုးထောင်အားပေးရမည်ဖြစ်သကဲ့သို့ နည်းလမ်းမျိုးစုံရှာဖွေပြီး စနစ်တကျနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများကပါ ဝိုင်းဝန်းအားပေးလိုက်မည်ဆိုလျှင် စက်မှုကဏ္ဍထုတ်လုပ်မှုသည် သိသိသာသာ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းငယ်ကလေးများ၏အားသည် ပေါင်းစပ်နိုင်လျှင် ပေါင်းစပ်နိုင်သကဲ့သို့ ကြီးမားပြီး အခြေခံလည်းကျခြင်းကြောင့် ဤအခြေခံကောင်းကို အင်အားကောင်းလာအောင် စနစ်တကျ အချင်းချင်း ချိတ်ဆက်မှုရှိရှိဖြင့် တိုးတက်လာအောင် ဝိုင်းဝန်းအားပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ **"နိုင်ငံတော်ရဲ့ စီးပွားရေးဟာ စိုက်ပျိုးရေးကို အခြေခံထားတဲ့အတွက် စိုက်ပျိုးရေးကဏ္ဍတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရမှာမှန်ပေမယ့် စက်မှုလုပ်ငန်းများ ထူထောင်နိုင်ရန် အတွေးအမြင်များထားရှိရန်လိုကြောင်း၊ Agrobased Industry, Woodbased Industry တို့ကို ထူထောင်နိုင်အောင် တွေးခေါ်ကြံဆလုပ်ကိုင်သွားရန်"** လမ်းညွှန်ချက်နှင့်အညီ ယခုဆိုလျှင် သစ်အချောထည်ထုတ်လုပ်မှုလုပ်ငန်း (Woodbased Industry) သည် ပို့ကုန်စက်မှုလုပ်ငန်းအဖြစ် အဆင့်မြင့်မြင့် တိုးတက်နေသည်ကိုလည်း တွေ့မြင်နေရပြီဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများအနက် စားသောက်ကုန်အခြေခံစက်မှုလုပ်ငန်းများသည် အရေအတွက်အရ ၆၄ဒသမ ၇၇ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း။

ပြည်ပကတင်သွင်းလာသည့်စားသောက်ကုန်ပစ္စည်းတော်တော်များများသည် မိမိနိုင်ငံ၌ ထွက်နေသည့် သီးနှံကုန်ကြမ်းမျိုးများကိုပင် အခြေခံပြီး ထုပ်ပိုးပစ္စည်းကောင်းကောင်းဖြင့် ဈေးကွက်ဝင်အောင်ပြုပြင်ပြီး တင်သွင်းရောင်းချနေခြင်းဖြစ်၍ မိမိလုပ်ငန်းရှင်များကို အလားတူ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်နိုင်ပါက ပြည်ပကို ယိုစိမ့်သွားမည့် နိုင်ငံခြားငွေကို ဆယ်တင်နိုင်မည့်အပြင် ပြည်ပဈေးကွက်သို့ပါ ဈေးကွက်ချဲ့နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လူဦးရေ ထူထပ်များပြားပြီး စားသုံးမှုဈေးကွက်ကြီးမားသည့် အိမ်နီးချင်းနိုင်ငံကြီးများနှင့် နီးကပ်စွာတည်ရှိနေသည့်အတွက် လယ်ယာကဏ္ဍအခြေပြုထွက်ကုန်များကို စက်မှုကဏ္ဍနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြင့် စားသောက်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး ဦးတည်ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ဤအချက်သည် နိုင်ငံတော်အကြီးအကဲ၏ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ချက်နှင့်အညီ ဒေသတွင်း လက်ရှိအခြေအနေနှင့်ပါ ကိုက်ညီခြင်းကြောင့် အလေးထားအားပေးဆောင်ရွက်သင့်ကြောင်း ပြောကြားလိုကြောင်း။

နိုင်ငံပိုင်စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများကို ပြည်တွင်း၌ပင် တတ်နိုင်သမျှထုတ်လုပ်နိုင်ရန် ဝန်ကြီးဌာနအလိုက် လိုအပ်သည့် စက်အရန်ပစ္စည်းများကို ခင်းကျင်းပြသခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စက်မှုဇုန် ပုဂ္ဂလိကလုပ်ငန်းများ၏ ပေါင်းစပ်အားထုတ်မှုကြောင့် စက်အရန်ပစ္စည်းအမယ်သစ်များ ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိကပါဝင်မှု ၉၀ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် တိုင်းရင်းသား လုပ်ငန်းရှင်များကို နိုင်ငံတော်အနေဖြင့် အဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတစ်ဦးချင်းစီ ဝင်ငွေတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေး၊ နိုင်ငံအတွက် ရေရှည်အကျိုးရှိမည့် နည်းပညာများရရှိရေး၊ ပြည်တွင်း၌ နည်းပညာပြန့်ပွားရေး၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၊ သီးနှံထွက်ကုန်ကြမ်းများကို အသုံးပြု၍ တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး၊ ပြည်ပကတင်သွင်းနေသော ပစ္စည်းအချို့ကို ပြည်တွင်းထုတ်ကုန်များဖြင့် အစားထိုးပြီး နိုင်ငံခြားငွေသုံးစွဲမှု သက်သာစေရေးတို့အတွက် စက်မှုကုန်ထုတ်လုပ်ငန်းများကို ပုဂ္ဂလိကနှင့် နိုင်ငံတော်အစိုးရ အချိတ်အဆက်မိမိ ဖော်ထုတ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားထုတ်ကြိုးပမ်းမှုနှင့်အတူ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင် မြေ၊ရေ၊လေထုအတွင်း ညစ်ညမ်းမည့်အန္တရာယ်၊ လူအများကို ဘေးသင့်စေမည့် အန္တရာယ်များ မဖြစ်ပေါ်အောင် သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် စက်မှုလုပ်ငန်းများ၌ မသုံးမဖြစ်လိုအပ်သည့် လောင်စာဆီအပါအဝင် စွမ်းအင်အမျိုးမျိုးကို သုံးစွဲကြရာတွင် ဖြုန်းတီးမှုမရှိစေဘဲ အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ကြပ်မတ်ရမည့်နည်းတူ Energy Saving Technology များကိုလည်း တတ်နိုင်သမျှ ရယူနိုင်ရန် ကြံဆကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ ဒီဇယ်၊ဓာတ်ဆီများသည် ကမ္ဘာ့ပေါက်ဈေးမြင့်တက်နေပြီး နောင်တွင်လည်း ထိန်းချုပ်ထားနိုင်မည့်အခြေအနေ မရှိသည့်အတွက် ဇီဝလောင်စာဆီများဖြင့် အစားထိုးနိုင်ရေးကိစ္စကို လုပ်ငန်းရှင်များအားလုံးက အလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ ဇီဝလောင်စာ (Biofuel) ထုတ်လုပ်နိုင်ရန်အတွက် ကြက်ဆူစိုက်ပျိုးရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီး၌ စီမံချက်ဖြင့် စိုက်ပျိုးဆောင်ရွက်နေသကဲ့သို့ အက်သနောထုတ်လုပ်နိုင်ရန် အတွက်လည်း ကြံကို တိုးချဲ့စိုက်ပျိုးရန် အားပေးခဲ့သည့်အတိုင်း ယခုအခါ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးအောင်မြင်နေပြီဖြစ်ကြောင်း၊ တစ်ဆက်တည်းပင် ကြက်ဆူဆီနှင့် အက်သနော အသုံးပြုလည်ပတ်နိုင်သည့် စက်ကိရိယာများ၊ ယာဉ်များ၊ ဓာတ်အားပေးစက်များ ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်တီထွင်ကြံဆပေးကြရန် နှိုးဆော်လိုကြောင်း။

စက်မှုလုပ်ငန်းများ တိုးချဲ့နိုင်ရေး ဆောင်ရွက်သည့်နေရာ၌ ရေတိုအနေဖြင့် ပြည်တွင်းသယံဇာတကိုအခြေခံသည့် သွင်းကုန်အစားထိုး စက်မှုထုတ်ကုန်သာမက ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်စွမ်းရှိသည့် ပို့ကုန်များကိုပါ ထုတ်လုပ်သွားနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ရေရှည်တွင် လျှပ်စစ်စွမ်းအား တိုးမြှင့်ထုတ်လုပ်ရေး၊ စွမ်းအင်အလုံအလောက်ရရှိရေး၊ နည်းပညာများ ရယူအသုံးပြုပြီး ကုန်ထုတ်လုပ်မှုနှင့် အရည်အသွေးမြှင့်တင်နိုင်ရေး၊ ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်ပျိုးထောင်ပြုစုရေး၊ ငွေကြေးနှင့် အရင်းအနှီးစုဆောင်းနိုင်ရေး စသည်များကို စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်သည့်အခါတွင် နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ငန်းရှင်များအပိုင်း၊ ပညာရှင်များ၊ သုတေသနပညာရှင်များ အပိုင်းတို့ကလည်း အချိတ်အဆက်မိမိဖြင့် ပူးပေါင်းဆောင်ရွက်ပြီး စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်းပေးကြစေလိုကြောင်း၊ ဤနေရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်သည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်သော စီမံခန့်ခွဲရေးဝန်ထမ်းများ၊ ဘဏ္ဍာရေးနှင့် ဈေးကွက်ကျွမ်းကျင်သူများအား လေ့ကျင့်ပျိုးထောင်ရန် စာတွေ့လက်တွေ့သင်တန်းများ စီမံဖွင့်လှစ်ရမည့်အပြင် ဈေးကွက်ရှိသည့် ပစ္စည်းအမယ်များကို အတုယူ မှီငြမ်းထုတ်လုပ်နိုင်ရန်အတွက် Reverse Engineering ကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန် ကျွမ်းကျင်သူများမွေးထုတ်ခြင်း၊ အထောက်အကူပြု ဓာတ်ခွဲခန်းများ ထူထောင်ပေးခြင်း စသည်များကိုပါ စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်ပကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး စက်မှုအခြေခံလုပ်ငန်းများအတွက် စီးပွားရေး အခွင့်အလမ်းအသစ်များ တိုးတက်ပွင့်လင်းလာစေရန် အထူးစီးပွားရေးဇုန်နှင့် အထူးစက်မှုဇုန်များအဖြစ် ထူထောင်ပြီး ရင်းနှီးမြှုပ်နှံသူများကို ဥပဒေအရ အာမခံပေးနိုင်ရန်ကိုလည်း မြန်မာ့အထူးစီးပွားရေးဇုန် ဥပဒေမူကြမ်းနှင့် နည်းဥပဒေများကို တစ်ပြိုင်တည်း ရေးဆွဲနေပြီဖြစ်သည့်အတွက် နိုင်ငံတော်အပိုင်းအနေဖြင့် ရေရှည်အကျိုးစီးပွားကို ရည်မှန်းပြီး အဘက်ဘက်က စဉ်းစားစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေးလိုကြောင်း။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် ဖွဲ့စည်းပေးထားသော မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေး(၁/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြန့်ပြန့် စိုက်ပျိုးအောင်မြင်နေပြီဖြစ်ကြောင်း၊ တစ်ဆက်တည်းပင် ကြက်ဆူဆီနှင့် အက်သနော အသုံးပြုလည်ပတ်နိုင်သည့် စက်ကိရိယာများ၊ ယာဉ်များ၊ ဓာတ်အားပေးစက်များ ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်တီထွင်ကြံဆပေးကြရန် နှိုးဆော်လိုကြောင်း။

စက်မှုလုပ်ငန်းများ တိုးချဲ့နိုင်ရေး ဆောင်ရွက်သည့်နေရာ၌ ရေတိုအနေဖြင့် ပြည်တွင်းသယံဇာတကိုအခြေခံသည့် သွင်းကုန်အစားထိုး စက်မှုထုတ်ကုန်သာမက ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်စွမ်းရှိသည့် ပို့ကုန်များကိုပါ ထုတ်လုပ်သွားနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ရေရှည်တွင် လျှပ်စစ်စွမ်းအား တိုးမြှင့်ထုတ်လုပ်ရေး၊ စွမ်းအင်အလုံအလောက်ရရှိရေး၊ နည်းပညာများ ရယူအသုံးပြုပြီး ကုန်ထုတ်လုပ်မှုနှင့် အရည်အသွေးမြှင့်တင်နိုင်ရေး၊ ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်ပျိုးထောင်ပြုစုရေး၊ ငွေကြေးနှင့် အရင်းအနှီး စုဆောင်းနိုင်ရေး စသည်များကို စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဤကဲ့သို့ ဆောင်ရွက်သည့်အခါတွင် နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ငန်းရှင်များအပိုင်း၊ ပညာရှင်များ၊ သုတေသနပညာရှင်များ အပိုင်းတို့ကလည်း အချိတ်အဆက်မိမိဖြင့် ပူးပေါင်းဆောင်ရွက်ပြီး စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်းပေးကြစေလိုကြောင်း၊ ဤနေရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်သည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်သော စီမံခန့်ခွဲရေးဝန်ထမ်းများ၊ ဘဏ္ဍာရေးနှင့် ဈေးကွက်ကျွမ်းကျင်သူများအား လေ့ကျင့်ပျိုးထောင်ရန် စာတွေ့လက်တွေ့သင်တန်းများ စီမံဖွင့်လှစ်ရမည့်အပြင် ဈေးကွက်ရှိသည့် ပစ္စည်းအမယ်များကို အတုယူ မှီငြမ်းထုတ်လုပ်နိုင်ရန်အတွက် Reverse Engineering ကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန် ကျွမ်းကျင်သူများမွေးထုတ်ခြင်း၊ အထောက်အကူပြု ဓာတ်ခွဲခန်းများ ထူထောင်ပေးခြင်း စသည်များကိုပါ စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်ပကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး စက်မှုအခြေခံလုပ်ငန်းများအတွက် စီးပွားရေး အခွင့်အလမ်းအသစ်များ တိုးတက်ပွင့်လင်းလာစေရန် အထူးစီးပွားရေးဇုန်နှင့် အထူးစက်မှုဇုန်များအဖြစ် ထူထောင်ပြီး ရင်းနှီးမြှုပ်နှံသူများကို ဥပဒေအရ အာမခံပေးနိုင်ရန်ကိုလည်း မြန်မာ့အထူးစီးပွားရေးဇုန် ဥပဒေမူကြမ်းနှင့် နည်းဥပဒေများကို တစ်ပြိုင်တည်း ရေးဆွဲနေပြီဖြစ်သည့်အတွက် နိုင်ငံတော်အပိုင်းအနေဖြင့် ရေရှည်အကျိုးစီးပွားကို ရည်မှန်းပြီး အဘက်ဘက်က စဉ်းစားစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေးလိုကြောင်း။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် ဖွဲ့စည်းပေးထားသော မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာ့စက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာ့သစ်နှင့် သစ်တောထွက်လုပ်ငန်းရှင်များအသင်း၊ မြန်မာ့စိုက်ပျိုးရေး အခြေခံစားသောက်ကုန်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် နိုင်ငံအတွင်းရှိ လုပ်ငန်းရှင်များအားလုံး ချိတ်ဆက်မိမိ ပူးပေါင်းပြီး အပြန်အလှန် ဆွေးနွေးညှိနှိုင်းပေါင်းစပ်၍ နိုင်ငံတော်၏ စက်မှုကဏ္ဍတိုးတက်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ကြိုးပမ်းပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြရာတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချမှတ်ပေးခဲ့သည့် ဦးတည်ချက်(၅)ရပ်နှင့်အညီ မျက်ခြည်မပြတ် တစိုက်မတ်မတ် အလေးထားအကောင်အထည်ဖော် စီမံဆောင်ရွက်ခဲ့ပါကြောင်း။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခင်းကျင်းစီစဉ်ပြသထားသည့် ဝန်ကြီးဌာနများ၏ပြခန်းများ၊ စက်မှုဇုန်များ၏ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (အပေါ်ပုံနှင့် အောက်ပုံများ) (သတင်းစဉ်)

အခြေအနေပေးသည်နှင့်အမျှ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပြီး စက်မှုဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်မူဝါဒများ၊ လမ်းညွှန်ချက်များချမှတ်ခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်အသိပညာရှင်၊ အတတ်ပညာရှင်များထံမှ အကြံဉာဏ်များရယူခြင်း၊ သက်ဆိုင်ရာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီများနှင့် စက်မှုလုပ်ငန်းရှင်များအား ဖိတ်ခေါ်ဆွေးနွေး၍ လိုအပ်ချက်များ တင်ပြစေခြင်း၊ လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက ဖြည့်ဆည်းပေးနိုင်ရန် ညှိနှိုင်းစီမံပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယခင်ကျင်းပခဲ့သည့် စက်မှုလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၏ ရလဒ်အနေဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ထားရှိရမည့် အခြေခံရည်မှန်းချက်များကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးမူဝါဒကို ဆက်လက်ပံ့ပိုးသွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားပြီး စီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ Value Added Products များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စသည့် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဆက်လက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေးပြီး ဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုလည်း ရွေးချယ်သတ်မှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ ယင်းတို့မှာ စိုက်ပျိုးရေးထွက်ကုန်အခြေခံစက်မှုလုပ်ငန်းများနှင့် သစ်တော၊ သားငါး၊ သတ္တုကဏ္ဍ ထွက်ကုန်ပစ္စည်းများ အခြေခံစက်မှုလုပ်ငန်းများဖြစ်ပါကြောင်း။

နောင်အနာဂတ်ကိုမျှော်မှန်းပြီး ဒီဇယ်ဆီ၊ ဓာတ်ဆီ အစားထိုး ဇီဝလောင်စာ ထုတ်လုပ်သုံးစွဲနိုင်ရန် စက်မှုလုပ်ငန်းများ ထူထောင်ရန်လည်း မျှော်မှန်းထားပါကြောင်း၊ ခြိစည်းရိုးကြက်ဆူဆီ အသုံးပြု Bio Diesel ထုတ်လုပ်ရေးစက်ရုံများတည်ဆောက်ရန် ပြည်ပကုမ္ပဏီများက ကမ်းလှမ်းဆွေးနွေးမှုများရှိသည့်အတွက် တွေ့ဆုံဆွေးနွေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးသီးနှံမှ လောင်စာဆီထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် အက်သနောကို အမြောက်အမြားထုတ်လုပ်ရန် လိုအပ်လာပါကြောင်း၊ အက်သနောထုတ်လုပ်ရန် အဓိကဖြစ်သည့် ကြံကေအမြောက်အမြားစိုက်ပျိုးရေးကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား ခွင့်ပြုအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အက်သနောထုတ်လုပ်မှု နည်းပညာရရှိရေးနှင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲**

စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးစားပေးထူထောင်သွားရန်လို သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများကိုလည်း တစ်ပါတည်းထူထောင်သွားရန် ဦးတည်

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

▲ စာမျက်နှာ ၉ မှ

စက်ရုံများ တည်ဆောက်ရေးကိစ္စရပ်များအတွက်လည်း အတတ်ပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကြံသီးနှံအပြင် အက်သနော ထုတ်လုပ်ရရှိနိုင်မည့် ပီလောပီနံ၊ ပြောင်းဖူးများ စိုက်ပျိုးရေးအတွက်လည်း စိုက်ပျိုးမြေနေရာများချထားပေးပြီး တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းအတွင်း တစ်နှစ်လျှင် အက်သနောဂါလန် ၈ ဒသမ ၁၂၅သန်း ထုတ်လုပ်နိုင်မည့်စက်ရုံဆိုလျှင် လာမည့်လအနည်းငယ်အတွင်း ထုတ်လုပ်ဖြန့်ဖြူးတော့မည်ဖြစ်ပါကြောင်း၊ အလားတူစက်ရုံတစ်ရုံကိုလည်း ကသာခရိုင်၌ တည်ဆောက်နေပြီဖြစ်ပါကြောင်း။

စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းပြီး မန္တလေး၊မုံရွာနှင့် တောင်ကြီး စက်မှုဇုန်တို့၌ သံရည်ကျိုပုံလောင်း၊ ပုံထောင်း၊ပုံဖိစက်ရုံများကို နိုင်ငံတော်က ကမကထပြု၍ တည်ထောင်ပေးခဲ့ပါကြောင်း၊ ယင်းစက်ရုံများက စီးပွားဖြစ်ကုန်ထုတ်လုပ်မှုကိုလည်း ဆောင်ရွက်ကြပြီးဖြစ်ပါကြောင်း။

သံရည်ကျိုပုံလောင်းစက်ရုံများနှင့် တစ်ဆက်တည်း စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သည့် မိုနှင့်ဒိုင်များထုတ်လုပ်ပေးနိုင်မည့် မိုနှင့်ဒိုင်စက်ရုံ ထူထောင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုနှင့် ဒိုင်လုပ်ငန်းအတွေ့အကြုံရှိပြီးဖြစ်သည့် Fair Sun Industry Co.,Ltd. နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လိုအပ်သည့်ခေတ်မီCNCစက်များကို တပ်ဆင်ကာ နိုင်ငံတကာစံချိန်မီ အရည်အသွေးမြင့်မားသော မိုနှင့်ဒိုင်များကို စက်မှုလုပ်ငန်းများအတွက် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါကြောင်း။

ထို့အပြင် ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများတိုးပွားရေးကိုဦးတည်ပြီး အခြေအနေပေးသည့် စက်မှုဇုန်များ၌ မော်တော်ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို ထုတ်လုပ်ခွင့်ပြုခဲ့ရာ အတော်အတန် တိုးတက်မှုရရှိလာခဲ့ပါကြောင်း၊ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်မှုအတွက် အဓိကကျသည့်ယာဉ်များကို တိုးတက်ထုတ်လုပ်လာစေရန် အားပေးဆောင်ရွက်မှုကြောင့် တိုးတက်လာခြင်းပင်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်က ဆွေးနွေးတင်ပြရာ၌ စက်မှုဇုန်များ၏ မော်တော်ယာဉ်ထုတ်လုပ်မှုကို လေ့လာသုံးသပ်ပါက ၂၀၀၇-၂၀၀၈ခုနှစ် မော်တော်ယာဉ်ထုတ်လုပ်မှုအများဆုံး ထုတ်လုပ်မှုအနေဖြင့် ဂျစ်ကားထုတ်လုပ်မှုတွင် မန္တလေးစက်မှုဇုန်မှ ၁၉၃၈စီး၊ မိတ္ထီလာစက်မှုဇုန်မှ အစီး ၄၂၀၊ တောင်ကြီးစက်မှုဇုန်မှ ၃၀၉စီးဖြင့် အများဆုံးထုတ်လုပ်နိုင်သည်ကို တွေ့ရပါကြောင်း၊ ထရပ်ကားထုတ်လုပ်မှုတွင် မန္တလေးစက်မှုဇုန်မှ ၁၈၃၂စီး၊ တောင်ဒဂုံ(၂) စက်မှုဇုန်မှ ၁၁၄၃စီး၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်မှ ၇၇၇စီး ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုတွင်ရွေနံ့ချောင်းစက်မှုဇုန်မှ အစီး ၆၀၀၀၊ ပခုက္ကူစက်မှုဇုန်မှ အစီး ၃၀၀၀နှင့် သုံးဘီးမော်တော်ဆိုင်ကယ်ထုတ်လုပ်မှုတွင် မန္တလေးစက်မှုဇုန်မှ အစီး၁၀၀၀၊ ရေနံချောင်းစက်မှုဇုန်မှ အစီး၅၉၀ထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ (၃)တန်အထက် ထရပ်ကားထုတ်လုပ်မှုတွင် မန္တလေးစက်မှုဇုန်မှ ၇၉စီး၊ တောင်ဒဂုံ(၂)စက်မှုဇုန်မှ အစီး ၆၀ထုတ်နိုင်ပြီး ဘတ်စ်ကားထုတ်လုပ်မှုတွင် မော်လမြိုင်စက်မှုဇုန် တစ်ခုတည်းသာ ငါးစီးထုတ်နိုင်ကြောင်း တွေ့ရှိရပါကြောင်း။

စက်မှုဇုန်များတွင်ရှိသည့် မော်တော်ယာဉ်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းရှင်များကို သတ်မှတ်ခွင့်ပြုသည့် မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ခွင့်ပြုထားသည့် မော်တော်ယာဉ်ပစ္စည်းများ ပြည်ပမှတင်သွင်းရေး၊ စက်မှုလုပ်ငန်းရှင်များမှ ပြည်တွင်းတွင် ထုတ်လုပ်ရမည့် ပစ္စည်းများထုတ်လုပ်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ လိုင်စင်ရရှိရေးအတွက်စနစ်တကျစစ်ဆေးရေးအတွက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ပူးပေါင်းကူညီပံ့ပိုးပေးလျက်ရှိကြောင်း။

မော်တော်ယာဉ်ထုတ်လုပ်သူ စက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း ထုတ်လုပ်မည့် မော်တော်ယာဉ်များ အရည်အသွေးကောင်းမွန်ရေး၊ သုံးစွဲသူများ အန္တရာယ်ကင်းစွာဖြင့် လုံခြုံစိတ်ချစွာသုံးစွဲနိုင်ရေးအတွက် ပုံဖိစက်၊ ဂဟေဆော်စက်၊ ဆေးမှုတ်စက်များကို ပြည်ပမှတင်သွင်းအသုံးပြုခြင်း၊ မော်တော်ယာဉ် ကိုယ်ထည်များ ပြည်တွင်းတွင် စက်ဖြင့်ထုတ်လုပ်ရန် မို၊ ဒိုင်များပြုလုပ်အသုံးပြုခြင်း၊ ဈေးကွက်ရရှိရေးအတွက် အရည်အသွေးကောင်းမွန်အောင်အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေသဖြင့် များစွာတိုးတက်လာကြောင်းတွေ့ရှိရပါကြောင်း။

နိုင်ငံတော်အထောက်အပံ့ဖြင့် သံရည်ကျို သံပုံထောင်းစက်ပစ္စည်းအလုပ်ရုံများ တည်ထောင်ခဲ့သည့် မန္တလေး၊ မုံရွာ၊ တောင်ကြီး (အေးသာယာ)စက်မှုဇုန်များ အနေဖြင့် နိုင်ငံတော်အားပေးအပ်ရမည့် ငွေများကို ပေးအပ်လျက်ရှိသည့်အပြင် ကုန်ထုတ်လုပ်မှုများကို အောင်မြင်စွာတိုးချဲ့လျက်ရှိပါကြောင်း တင်ပြဆွေးနွေးပြီး မြန်မာ့ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးများက ဆွေးနွေးတင်ပြကြရာ ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာက ပြည်နယ်၊ တိုင်းအလိုက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ရေးဆွဲရေးဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းက စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သူများနှင့် နည်းပညာရှင်များရရှိရေး အတွက် သင်ကြားစီမံ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က စက်ရုံအလုပ်ရုံများ၌ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊အလုပ်ရှင်အလုပ်သမား အငြင်းပွားမှု ဖြေရှင်းရေး၊ အလုပ်သမားများ၏ လူမှုဘဝအကာအကွယ်ပေးရေးကိစ္စများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်မည့် အလားအလာများ၊ စက်မှုဇုန်များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးက စက်မှုထုတ်ကုန်များ တိုးမြှင့်ကုန်သွယ်မှုပြုနိုင်ရေးကိစ္စများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က Bio Diesel ထုတ်လုပ်သုံးစွဲရေးအတွက် ခြစည်းရိုးကြက်ဆူစိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှညွှန်ကြားရေးမှူးဦးဝင်းတင့်က ဇီဝအားဖြည့်လောင်စာဆီ ထုတ်လုပ်အသုံးပြုနိုင်မည့်အခြေအနေများ၊စွမ်းအင်ဝန်ကြီးဌာနစွမ်းအင်စီမံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးစိုးမြင့်က Bio Diesel ထုတ်လုပ်အသုံးချနိုင်ရေးအတွက် နည်းပညာ၊ အရင်းအနှီးနှင့် အခြားလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးကဏ္ဍက ဆက်လက်ပံ့ပိုးပေးသွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဉာဏ်ထွန်းဦးက မျိုးဆက်သစ် အင်ဂျင်နီယာများ အတွေ့အကြုံနှင့် နည်းပညာရရှိရေး ဆောင်ရွက်ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘဏ်များအသင်းဥက္ကဋ္ဌ ဦးသန်းညိန်းက ဘဏ်များက စက်မှုလုပ်ငန်းများအတွက် ချေးငွေဆိုင်ရာ ကိစ္စဆောင်ရွက်ပေးမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် စက်မှုလုပ်ငန်းရှင်များက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ စက်မှုဇုန်တာဝန်ခံ ဝန်ကြီးများက ပြန်လည်ဆွေးနွေးရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး တိုင်းပြည်၌ ပြည်သူများအနေဖြင့် အဆင့်အတန်းမြင့်မြင့် စားနိုင်၊ နေနိုင်၊ သွားနိုင်အောင် စက်မှုလုပ်ငန်းများကို ထူထောင်သွားရမည်ဖြစ်ကြောင်း၊ ယနေ့တင်ပြချက်များကို ပြန်လည်စိစစ်လေ့လာ၍ ပြည်တွင်းစက်မှုလုပ်ငန်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်သည်များကို မျှမျှတတ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ သဘာဝအခြေအနေအရ စက်မှုလုပ်ငန်းများထူထောင်ရာ၌ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ထူထောင်သွားရန် အခြေအနေပေးလျက်ရှိကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးစားပေးထူထောင်သွားရန်လိုကြောင်း၊ ထို့ပြင် သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများကိုလည်း တစ်ပါတည်းထူထောင်သွားရန် ဦးတည်ကြရမည်ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အစီအစဉ်ရှိရှိ စနစ်တကျ အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်းမှာကြားပြီး စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းအားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ်တိုက်တွန်းမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီးရုံး အဝင်ခန်းမဆောင်ကြီး၌ ခင်းကျင်းစီစဉ် ပြသထားသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

➪ စာမျက်နှာ ၁၀ မှ

မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းတို့၏ စက်ရုံများမှ ထုတ်လုပ်ထားသော လူသုံး၊ အိမ်သုံး၊ လုပ်ငန်းသုံး ပစ္စည်းများကို ကြည့်ရှုစစ်ဆေး အားပေးကြရာ ဝန်ကြီး ဦးအောင်သောင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန ယာဉ်ရပ်နားနေရာ၌ ခင်းကျင်းစီစဉ်ပြသထားသည့် ဝန်ကြီးဌာနများ၏ ပြခန်းများ၊ စက်မှုဇုန်များ၏ ပြခန်းများကို ကြည့်ရှုစစ်ဆေးအားပေးကြရာ ရှေးဦးစွာ မန္တလေးစက်မှုဇုန်၊ မန္တလေးတော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက်၏ ကြက်ဆူဆီကြိတ်စက်၊ ဆီသန့်စင်စက်နှင့် စက်အရန်ပစ္စည်း အမျိုးမျိုးတို့ကိုလည်းကောင်း၊ ကုမ္ပဏီ၏ နှစ်အလိုက်လယ်ယာသုံး၊ မော်တော်ယာဉ်သုံး စက်အရန်ပစ္စည်းများ ထုတ်လုပ်သွားရန် စီစဉ်ထားရှိမှုများကိုလည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန် သီဟထွန်းကုမ္ပဏီလီမိတက်၏ လေးဘီးထွန်စက်ငယ်၊ လေးဘီးထွန်စက်ငယ်နှင့် တွဲဖက်အသုံးပြုနိုင်သည့် တမန်းမွှေစက်၊ ကိုးသွားမျိုးချထွန်၊ သုံးသွားထယ်အဝိုင်း၊ ၁၄ သွား ထွန်အဝိုင်း၊ သိပ္ပံသုံးသွားထယ်၊ ကိုးသွားထွန်၊ ရိုးဖျက်ကိရိယာ၊ နောက်တွဲယာဉ် Light Truck Frame နှင့် ဆက်စပ်အပိုပစ္စည်း ၂၃၅ မျိုးတို့ကိုလည်းကောင်း၊ ၁၂ ပြည်ဆံ့ ထမင်းပေါင်းအိုးများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အေးသာယာစက်မှုဇုန်ပြခန်းရှိ လယ်ယာသုံးစက်ပစ္စည်းနှင့် အရန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကို လည်းကောင်း၊ Fair Sun Mould and Die Industry၏ မိုနှင့် ဒိုင် နမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြသထားသည့် ကြက်ဆူဆီကြိတ်စက်နှင့် ဇီဝဒီဇယ်ရရှိရေး အဆင့်ဆင့်ဆောင်ရွက်မှုများကိုလည်းကောင်း၊ ခြစ်ညီးရိုးကြက်ဆူမှ ထုတ်လုပ်ထားသည့် ဇီဝဒီဇယ်နမူနာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြခန်းရှိ အိမ်သုံးလျှပ်စစ်မီတာ၊ လုပ်ငန်းသုံးလျှပ်စစ်မီတာ နှင့် ထမင်းပေါင်းအိုးများ၊ ဓာတ်ခဲများ၊ ဘက်ထရီအိုးများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် ဖိအားမြင့်ကြက်ဆူဆီသုံးမီးဖို၊ မီးစာ ၁၂တိုင်သုံး ကြက်ဆူဆီမီးဖို၊ ကြက်ဆူဆီကြိတ်စက်၊ ဒီဇယ်အင်ဂျင်သုံးကြက်ဆူဆီ အစေ့ခွဲစက်စသည်တို့ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းက ထုတ်လုပ်သည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးတာယာအမျိုးမျိုး၊ ပြည်ပပို့ကုန် ရော်ဘာအမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ NIBBAN Co.,၊ Supreme Group Co.,၊ Hein Engineering Co., စသည့် ကုမ္ပဏီများ၏ ပြခန်းများကို လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ စပါးခွံဓာတ်ငွေ့သုံး တစ်ပိုင်တစ်နိုင် ကျေးရွာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကိုလည်းကောင်း၊ စိုးလျှပ်စစ်ကုမ္ပဏီ၊ ပေါ်ပြူလာပလတ်စတစ်လုပ်ငန်း၊ SOGO လျှပ်စစ်ပစ္စည်းလုပ်ငန်း၊ ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမအသင်း၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း စသည့် အသင်းအဖွဲ့များ၏ ခင်းကျင်းစီစဉ် ပြသထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ပြသထားသည့် ရထားစက်ခေါင်းသုံး ပစ္စည်းများ၊ စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်မှုဇုန်များက ထုတ်လုပ်သည့် မော်တော်ယာဉ်ငယ် အမျိုးမျိုး၊ မော်တော်ဆိုင်ကယ်အမျိုးမျိုး၊ သုံးဘီး မော်တော်ဆိုင်ကယ်အမျိုးမျိုးနှင့် စပါးခြွေလှေ့စက်၊ ခြေနင်းစပါးခြွေစက် စသည်တို့ကို ကြည့်ရှုစစ်ဆေးအားပေးသည်။ (သတင်းစဉ်)

ကြေးမုံ မှုခင်းသတင်းများ

The Mirror

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကားခိုးသူကို တစ်နာရီအတွင်း ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက် ရတနာလမ်း အမှတ် (၂၃)နေ ဦးစိုင်းဝိလရွှတ်၏ သ/၉၁၂၃ (တောင်းအေ့စ်) အဖြူရောင်ကားသည် ဇန်နဝါရီ ၂၄ ရက် ည ၈ နာရီတွင် နေအိမ်ရှေ့၌ ရပ်ထားခဲ့ရာမှ ဇန်နဝါရီ ၂၅ ရက် နံနက် ၁ နာရီခွဲတွင် ရပ်ထားသည့်နေရာ၌ မတွေ့ရဘဲ ပျောက်ဆုံးနေခဲ့ကြောင်းသိရသည်။

ကားပျောက်ဆုံးမှုကို စမ်းချောင်းရဲစခန်းက ခရိုင်ရဲတပ်ဖွဲ့နှင့် တိုင်းရဲတပ်ဖွဲ့မှူးရုံးသို့ ဆက်လက်သတင်းပို့ပြီး ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အလိုက် ရဲတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေခဲ့ရာ၊ ပျောက်ဆုံးမော်တော်ယာဉ်ကို ခိုးယူမောင်းနှင်လာသူ စိုးအောင်(ခ)သားချေ (၂၄)နှစ် (ဘ)ဦးကျော်ညွန့်၊ ၄က်ပျောတောလမ်း၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့နေသူအား ဇန်နဝါရီ ၂၅ ရက် နံနက် ၂ နာရီခွဲတွင် ကိုးမိုင်ဂေါက်ကွင်းရှေ့ ပြည်လမ်းမပေါ်၌ မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဝင်းနှင့် အဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မော်တော်ယာဉ်ခိုးမှုအား စမ်းချောင်းရဲစခန်းမှ (ပ)၅၃/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ (ကား)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်ဘူတာကြီးအနီး ရွှေတုချ လိမ်လည်မှုပေါ်ပေါက်

ရန်ကုန် ဇန်နဝါရီ ၂၆

ရွှေဆွဲကြိုးအတု တစ်ကုံးကို ကောက်ရဟန်ပြုပြီး ဈေးသည်အမျိုးသမီးတစ်ဦးထံမှ ငွေကျပ်တစ်သိန်းသုံးသောင်းကျော်တန် ရွှေအစစ်နားကပ်တစ်ရံနှင့် ရွှေလက်စွပ် တစ်ကွင်းတို့ကို လွှန်ခဲ့သည့် တစ်လကြာက လိမ်လည်ရယူသွားသော မှုခင်းတစ်ခု စစ်ဆေးရာမှ ပေါ်ပေါက်သည်။

အမှုဖြစ်ပွားခဲ့ပုံမှာ ၂၄-၁-၂၀၀၈ နေ့တွင် ဗဟန်းရဲစခန်းမှ (ပ) ၃၄/၂၀၀၈၊ ပြစ်မှုပုဒ်မ ၃၈၀ အရ ခိုးမှုဖြင့် ရီမန်ယူထားသော တရားခံ ရဲဝင်းကျော်(ခ)ရွှေပဲ (၃၂)နှစ် ပြည်မြို့နယ်နေသူအား ရဲအုပ်ဗျက်ဆန်းနှင့်အဖွဲ့က စစ်ဆေးသည်။

ယင်းသို့စစ်ဆေးရာ ၂၇-၁၂-၂၀၀၇ နေ့တွင် ရဲဝင်းကျော်သည် တရားခံ သက်လွင် (၅၇)နှစ် မြောက်ဥက္ကလာပမြို့နယ်နေသူနှင့်အတူ ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းလမ်း ဘူတာကြီး ခုံးတံတားအနီးတွင် အသက် (၂၄)နှစ်ခန့် ဈေးသည်တစ်ဦးကို အမ်စီရွှေဆွဲကြိုးအတု သုံးကျပ်သား တစ်ကုံးနှင့်အတူ ရွှေဘောက်ချာအတု၊ ရွှေထည့်သည့်ဘူး တစ်ခုတို့ ထည့်ထားသည့် အနက်ရောင်ပိုက်ဆံအိတ်ငယ်တစ်လုံးကို ကောက်ရဟန်ပြုပြီး အမျိုးသမီးအားလိမ်လည်ပြောဆိုကာ ရွှေအစစ်နားကပ် တစ်ရံ၊ ရွှေလက်စွပ်တစ်ကွင်း တန်ဖိုး ကျပ် ၁၃၆၀၀၀ အား လိမ်လည်ရယူခဲ့ကြောင်း ပေါ်ပေါက်၍ အရေးယူပေးရန်တိုင်တန်းသည်။

ကျောက်တံတားရဲစခန်းက (ပ) ၈၅/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ ဖြင့် ၂၄-၁-၂၀၀၈ နေ့တွင် အမှုဖွင့်ပြီး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ (၃၁)

ကျိုက္ကစံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးသြဝါဒခံယူ

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် တည်ထားကိုးကွယ်ထားသော ဆံတော် ခုနစ်ဆူ၊ ဓာတ်တော် ၁၀ ဆူ ကိန်းဝပ်တော်မူသည့် သမိုင်းဝင်ဆုတောင်းပြည့် ကျိုက္ကစံစေတီတော်မြတ်ကြီး၏ နှစ်စဉ် ကျင်းပမြဲ (၁၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးအတွက် စေတီတော်၏ သြဝါဒါစရိယဆရာတော်ကြီး ကိုးပါးတို့ထံမှ ဂေါပကအဖွဲ့အမှူးပြုသည့် ပရိသတ်များက သြဝါဒခံယူပွဲကို စေတီတော်ရင်ပြင် နှစ်ကျိပ်ရှစ်ဆူ အာရုံခံ တန်ဆောင်းကြီးတွင် ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ(ဆင်မင်း) ဦးတင်ရွှေက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မဟာသိပ္ပံစာသင်တိုက်ကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိဓမ္မနှင့် ပထမရွှေကျင်တိုက် ဆရာတော် (ဓမ္မာစရိယ)ဘဒ္ဒန္တ သုမနတို့က သြဝါဒကထာ မိန့်ကြားသည်။

(၁၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်တွင် စတင်ပြီး မဟာဒုက်ဘုရား ကံထူးရှင်ရွေးချယ်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရိုးရာနှမ်းမနဲထိုးပွဲ များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ချင်းတွင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

နေပြည်တော် ဇန်နဝါရီ ၂၆

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက် (၈၀)နှင့်အထက် အသင်းဝင် ဘိုးဘွားများပူဇော်ပွဲ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ အသင်းဝင်များ၏ သားသမီးများနှင့် နိုင်ငံတော်ကချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရ ချင်းတွင်းနယ်သူ၊ နယ်သားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်(စနေနေ့) နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဘာဝနာလမ်းရှိ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ သက်ပြည့်ဘိုးဘွားများ၊ ဂုဏ်ထူးနှစ်ဘာသာနှင့်အထက်ရ အသင်းဝင်များ၏ သားသမီးများ၊ ဆုရပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ပညာသင် ထောက်ပံ့ဆုအတွက် ပညာရေးငွေပဒေသာပင် စိုက်ထူလိုသော ချင်းတွင်းနယ်သူ၊ နယ်သား စေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဇော်ဝင်း ဖုန်း-၂၅၂၀၄၄၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် ဖုန်း-၅၃၄၇၆၄၊ ဗိုလ်မှူးကြီးပီကျော်ဟန်(ငြိမ်း) ဖုန်း-၅၇၈၂၉၁၊ ဒေါ်မေစန်းတင် ဖုန်း-၂၄၆၂၃၁၊ အတွင်းရေးမှူး ဦးဝင်းငွေနှင့် ဦးညွန့်ဝေ ဖုန်း-၅၂၄၃၈၅၊ ၅၀၀၁၀၅၊ အသင်းတိုက်တည်ရှိရာ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ် ၂၇၊ အခန်း ၅၇ သို့ ဖေဖော်ဝါရီ ၂ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းနှင့် အသင်းဝင်အားလုံးနှင့် အသင်းမဝင်ရသေးသည့် ချင်းတွင်းနယ်သားအားလုံးကို အခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၁၆ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစိုးညွန့်နှင့် တာဝန်ရှိသူများသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ကျူချောင်းကျေးရွာရှိ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကြည့်ရှုစစ်ဆေးမှာကြားစဉ်။

(ခရိုင် ပြန်/ဆက်)

သြစတြေးလျ အိုးပင်းတင်းနစ် အမျိုးသမီးပွဲစဉ် ရှာရာပိုဗာက အိုင်ဗာနိုဗစ်ကို အနိုင်ရ ဗိုလ်စွဲ

မဲလ်ဘုန်း ဇန်နဝါရီ ၂၆

သြစတြေးလျအိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ယနေ့ ကျင်းပရာ ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာက ဆားဗီးယားတင်းနစ်မယ် အင်နာအိုင်ဗာနိုဗစ်ကို နှစ်ပွဲပြတ်ဖြင့်နိုင်ပြီး ဗိုလ်စွဲသွားသည်။

ရုရှားတင်းနစ်မယ် ရှာရာပိုဗာက ၇-၅၊ ၆-၃ ဖြင့် အနိုင်ကစားသွားခြင်းဖြစ်သည်။ ရှာရာပိုဗာသည် ဝင်ဘယ်လ်ဒန်ချန်ပီယံဘွဲ့ကို ၂၀၀၄ ခုနှစ်တွင်လည်းကောင်း၊ အမေရိကန် အိုးပင်းချန်ပီယံဆုကို ၂၀၀၆ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သူဖြစ်သည်။

ရှာရာပိုဗာသည် ဗိုလ်လုပွဲတွင် အချိန်တစ်နာရီခွဲကျော်ကြာအောင် ကစားပြီးမှ အိုင်ဗာနိုဗစ်ကို အနိုင်ရသွားခြင်း ဖြစ်သည်။ အပူချိန် ၃၄ ဒီဂရီစင်တီဂရိတ် ပူပြင်းသော သြစတြေးလျနိုင်ငံ၏ အပူဒဏ်အောက်တွင် အချိန်ကြာရှည်စွာ ကြံ့ကြံ့ခံ ကစားခဲ့ကြရသည်။

ရုရှားတင်းနစ်မယ်သည် ပခုံးတွင် ဒဏ်ရာရထားသဖြင့် ပြိုင်ပွဲအတော်များများကို မကစားဘဲနေခဲ့ရသည်။ သို့ရာတွင် ယခုနှစ် မဲလ်ဘုန်းတင်းနစ်ကွင်းတွင် ခြေချခဲ့သည့်အချိန်မှစ၍ ပွဲစဉ်တစ်လျှောက် လက်စွမ်းပြသည်မှာ ယနေ့ ဗိုလ်စွဲသည့်အချိန်အထိပင်ဖြစ်သည်။ ***အင်တာနက်။***

သြစတြေးလျ အိုးပင်းချန်ပီယံဆုဖလားကြီးနှင့်အတူ ရှာရာပိုဗာအားတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၈)ဖြင့် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် **သီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်မိမိလှိုင်** (Moe Hein Co.,Ltd) အား **အဂ္ဂမဟာသီရိသုဓမ္မ သီင်္ဂီဘွဲ့တံဆိပ်** ချီးမြှင့်ခြင်းခံရသည့်အတွက် သူငယ်ချင်းများမှ လှိုက်လှိုက်လှဲလှဲ အထူးဝမ်းမြောက်မိပါကြောင်းနှင့် သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရန်ကုန်တက္ကသိုလ် ပထဝီဝင် ကျောင်းသားဟောင်း သူငယ်ချင်းများ

ဦးကြည်မြင့်၊ ဦးစိန်အောင်
ဦးတင်မောင်ညွန့်၊ ဦးမြင့်အေး
ဦးကျော်မင်း၊ ဦးချာလီးဖရင်ကလီ
ဦးဘသောင်း၊ ဦးစိန်ဝင်း
ဦးဝင်းနိုင်၊ ဦးနေအောင်
ဒေါ်ခင်သန်းဆွေ၊ ဒေါ်မေမြတ်သူ
ဒေါ်နီနီအေး၊ ဒေါ်တင်တင်ခိုင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ
ဦးရပ်ကျင်ကီး–ဒေါ်တန်ရှက်လျှံ (ဦးကျင်ကီးပွဲရုံ၊ ဘုရင့်နောင်)
တို့၏ သားငယ်

မောင်ထွန်းထွန်းလွင် B.E(Electronics)
Managing Director (Ta Gaung Bwar Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ စရည်းပင်လမ်းနေ
ဦးသက်ဝေ (DONY & 999 BATIK, မင်္ဂလာဈေး)–
ဒေါ်ချိုချိုစန်းတို့၏ တစ်ဦးတည်းသော သမီး

မသွယ်သွယ်အေးမွန် B.A. (Chinese)

တို့သည် ၂၆–၁–၂၀၀၈ ရက်တွင် Traders Hotel (Myanmar Ballroom) ၌ နှစ်ဖက်မိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းထွန်းလွင်–မသွယ်သွယ်အေးမွန်

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် **"သီရိသုဓမ္မသီင်္ဂီ" ဒေါ်အေးအေးခန့်(ခ)ဒေါ်ခင်စန်းကြည်** (Top Top Gems Bangkok **နှင့် မြန်မာ့ရတနာဗိုလ်ချုပ်ဈေး ဥက္ကဋ္ဌ)** အား **အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ** ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အကျိုး၊ သာသနာအကျိုးအား အသက်(၁၀၀)တိုင် ကျန်းမာစွာဖြင့် လှူဒါန်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

ချစ်သားကြီး – ကိုအောင်နိုင်ဦး–မဥမ္မာသင်း
ချစ်သားငယ် – ကိုအောင်သန်းကျော်(ခ)မင်းမင်း
ချစ်သမီးငယ် – မအေးမြခိုင်(ခ)မခင်ဥမ္မာအေး
ချစ်မြေးများ – စိန်မေရီခန့်(ခ)စမ်းရေနှင်း၊ ရဲရင့်ခိုင်ခံ့

သမိုင်းမြို့မ အထက (၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

သမိုင်းမြို့မ အထက(၁) မရမ်းကုန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်း စန္ဒိမာခန်းမဆောင်၌ ကျင်းပမည် ဖြစ်သည်။ အသက် (၆၀)နှစ် အထက်ဆရာကြီး၊ ဆရာမကြီး ၁၅၈ ဦးအနက် အသက် (၇၅)နှစ် အထက် ၂၄ ဦးတို့အတွက် တစ်ဦးလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် အလှူငွေကျပ်လေးသိန်းရှစ်သောင်း လှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ရက်က အမက(၂) မရမ်းကုန်း ကျောင်းခန်းမဆောင်တွင် ကျင်းပရာ အလှူရှင် ကျောင်းသားဟောင်း ပန်းသီးကြာဇံစက်ရုံပိုင်ရှင် ဦးဟုတ်ရှောင်နှင့် ကွယ်လွန်သူ ဒေါက်တာသိန်းရှောင် မိသားစုက ပူဇော်ပွဲကျင်းပရေး ဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်သိန်းထံသို့ ပေးအပ်လှူဒါန်းသည်။

အဆိုပါပူဇော်ပွဲ အခမ်းအနားအတွက် ယနေ့အထိ အလှူငွေကျပ် ၂၇သိန်းကျော် လက်ခံရရှိထားပြီးဖြစ်ရာ လှူဒါန်းလိုသူများအနေဖြင့် ဒေါက်တာ အောင်မြတ်သိန်း ဖုန်း ၆၅၁၅၂၆၊ ဦးမောင်လုံး (ထ-၁၊ ကျောင်းအုပ်ကြီး) ဖုန်း-၆၅၁၉၈၈တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် **ဒေါ်ဝင်းကြည်အား "သုဓမ္မသီင်္ဂီ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ မြတ်ဗုဒ္ဓသာသနာတော်အကျိုးများကို ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးချူတီ၊ ဒေါ်မြင့်မြင့်ဝေ
သားသမီး၊ မြေးများ
(ခြံအမှတ် ၉၀(A)၊အင်းလျားလမ်း)

တူ၊ တူမများနှင့် မြေးများ
(ခြံအမှတ် ၂၉၀(E)၊ဦးဝိစာရလမ်း)

လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် **သီဟသုဓမ္မသီင်္ဂီဒေါ်သန်းသန်းစိန်အား သီရိသုဓမ္မသီင်္ဂီ** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် သာသနာ့ ဒါယိကာမကြီးနှင့် မိသားစုအား လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာတော်အကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးသန်းညွန့်(Managing Director)
Min Aye Yar Company Limited
K.Z.K International Trading
Company Limited

မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိအမြဲရှိ

မင်္ဂလာဆြည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ရတနာအိမ်ရာ၊ သဇင်လမ်း၊ အမှတ်(၂၆)နေ
(ဟာဂျီဦးလှခင်)+ဟာဂျီမဒေါ်တင်အေး (KOMUSAR စက်မှုလက်မှု) တို့၏သား

ဟာဂျီမောင်ဇော်ဝင်း B.Sc (Physics), DBS
Managing Director (SKYS SHADE Co.,Ltd & Grand Asia Construction)

နှင့်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၂၄၇)နေ
ဦးလှရွှေ–ဒေါ်မိုးမိုး (VISION WORLD) မျက်မှန်ဆိုင်တို့၏ သမီးထွေး

မဟေမာန်မိုး 2nd Year (Computer Science)

တို့၏ ၂၀–၁–၂၀၀၈ (တနင်္ဂနွေနေ့)တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပသော မင်္ဂလာဆြည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးလှမိုး(ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမဝန်ကြီးဌာနနှင့် ဇနီး ဒေါ်ကြည်ကြည်မေအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးမြဝင်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်မြင့်အားလည်းကောင်း၊ မင်္ဂလာရွှေဆွဲကြိုး ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဝင်းထွေးနှင့် ဇနီး ဒေါ်ခင်ဌွေးဝင်းအားလည်းကောင်း၊ လက်ထပ်မင်္ဂလာကိတ်အား ကူညီလှီးဖြတ်ပေးသော Myanmar Immortal Co.,Ltd. Managing Director ဗိုလ်မှူးကြီး ဘသိန်း(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်မျိုးကြည်တို့အားလည်းကောင်း၊ မင်္ဂလာဆြည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော အရာရှိ၊ အရာခံများနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ Aces တေးဂီတအဖွဲ့၊ ဓာတ်ပုံဗီဒီယိုဝဏ္ဏခွါနီးအဖွဲ့နှင့် မိတ်ကပ်ဆံပင်အောင်အောင်(တောင်ကြီး)တို့အားလည်းကောင်း၊ (၁၉–၁–၂၀၀၈) စိမ်းလန်းစိုပြည်ဥယျာဉ်တွင် ကျင်းပသော ဝလီမာဆြည့်ခံပွဲသို့ တက်ရောက် ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဟာဂျီမောင်ဇော်ဝင်း–မဟေမာန်မိုး

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈) ဖြင့် **"သုဓမ္မသီင်္ဂီ"** ဘွဲ့တံဆိပ် ချီးမြှင့်ခံရသည့် **ဒေါ်ရင် ရင် (မြင်းခြံ – ရွှေပြည်စိုး)** အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါသည်။ နိုင်ငံတော်အကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ရွှေပြည်စိုး မိသားစုနှင့်ချစ်တပည့်များ
(မြင်းခြံမြို့)

မိသားစု မှ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် သီဟသုဓမ္မမဏိဇောတဓရ ဦးဘခန့်အား "သီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အသက်ရာကျော်ရှည်၍ ချစ်သောမိသားစုနှင့်အတူ နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

၁။ ဦးခင်မောင်ထွေး + ဒေါ်တင်တင်ရွှေ (ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်)
၂။ ဦးတင်ရွှေ + ဒေါ်ခင်လှဝင်း (စိန်ရွှေမိုး လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)
၃။ ဦးမြင့်ရွှေ + ဒေါ်စမ်းယဉ် (ရွှေနန်းထိုက် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
၄။ ဦးဘိုကြီး (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) + ဒေါ်သန်းသန်း (သီရိသုဓမ္မသီဂီ) ၊ (ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်)
၅။ ဦးရွှေတိုး + ဒေါ်ချိုချိုစမ်း (ရွှေထူး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
၆။ ဦးအောင်တိုး + ဒေါ်သဇင် (ရွှေတောင်ကြီး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
၇။ ဦးစံရွှေမြင့် + ဒေါ်ဆုဆုလွင် (လင်းလက်စတိုး)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် **ဦးမောင်မောင် (ဂရိတ်ဝေါတိုင်းရင်း ဆေးဝါးထုတ်လုပ်ရေး)** အား **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသည့်အတွက် စိတ်ကြည်နူး ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာ ဒါယကာကြီးနှင့် မိသားစု သာသနာ့အကျိုးဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမောင်နီ(ခ)ဦးရင်ရွှေ-ဒေါ်လှိုင်
သမီး-သင်းသင်းဦး၊ သား-ရန်နိုင်ဦး
(ဖန်ပုလင်းအမျိုးမျိုးထုတ်လုပ်ရေး ဖန်ချက်စက်ရုံ)

အမြန်ဆက်သွယ်ပါ

ဒေါ်ရွှေစင်မျိုး [၁၂/ သကတ (နိုင်) ၁၀၂၃၃၃နှင့် ဖုန်းကိစ္စ ဆောင်ရွက်ရန်အတွက် အောက်ပါအမည်နှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ် စေလိုပါသည်။ ကျေးဇူးဆပ်ပါမည်။ **မမြမြအေး 095193358, 296358, 200747 EX1881**

သင့်သွေးဖြင့်အသက်ကယ်ပါ

လှိုင်မြို့နယ် (၁၆)ရပ်ကွက်၊ (၈)လမ်းနေ မိခင်ကြီး ဒေါ်အုံးတင်-(ဦးဝမ်းမောင်)အမှူးပြု၍ သားသမီးမြေး မြစ်များက ငွေကျပ် ၁၅၀၀၀၀ကို မရမ်းကုန်းမြို့နယ် သမိုင်းမြို့မ ပရိယတ္တိ စာသင်တိုက်တွင် တည်ဆောက်နေသော အသောကဓမ္မဗိမာန်တော်ကြီးသို့ ဇန်နဝါရီ ၆ရက်တွင် လှူဒါန်းရာ တည်ဆောက်ရေးဥက္ကဋ္ဌ ဦးအေးမြင့် လက်ခံယူစဉ်။ (က-ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း။ ဩဘာလမ်း။ အမှတ်(၃၂)နေ ကပ္ပတိန် ဦးဇော်ဝင်း + ဒေါ်မွှေးမွှေး တို့၏ သားလတ်

မောင်ဥက္ကာဇော် *B.Sc(Bot.,)*
INSTITUTE OF INTERNATIONAL INFORMATION ECONOMY TOKYO (ခေတ္တ-ဂျပန်) နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်ထောင်စုရိပ်သာလမ်း။ အမှတ်(၆၁) နေ ဒေါက်တာလှမော်+ ဒေါ်ခင်ဆွေတို့၏ သမီးငယ်

မကေသီမော် *B.Sc(Bot.,)*
INSTITUTE OF INTERNATIONAL INFORMATION ECONOMY TOKYO (ခေတ္တ-ဂျပန်)

တို့သည် (၂၄-၁-၂၀၀၈) ရက်နေ့တွင် နှစ်ဖက်ဂုဏ်သရေရှိ မိဘဆွေမျိုးများရှေ့မှောက်၌ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဥက္ကာဇော် + မကေသီမော်

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ (၂၀၀၈) ခုနှစ်၊ နှစ်(၆၀) ပြည့် လွတ်လပ်ရေးနေ့တွင် **ဒေါက်တာ သန်းထွဋ်** အား **လယ်ယာစီးပွားထူးချွန်တံဆိပ်** (တတိယဆင့်) ချီးမြှင့်ခြင်း ခံရသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း---

Kyo Lone Co.,Ltd&Royal Rose Sandle and Bag Shop

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ (၂၀၀၈) ခုနှစ်၊ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် **ဒေါက်တာ သန်းထွဋ်** (Director Asia Rose Mfg: Co.,Ltd အား **လယ်ယာစီးပွားထူးချွန်တံဆိပ်** (တတိယဆင့်) ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

Asia Rose Mfg: Co.,Ltd. မိသားစု

DEFINED

ကျောင်းသားသုံး
အင်္ဂလိပ်မြန်မာ မိုဘိုင်းလ်အဘိဓာန်

- သွားလေရာကို Dictionary စာအုပ်ကြီး သယ်သွားစရာ မလိုတော့ပါ။ သင်၏ မိုဘိုင်းလ်ဖုန်းထဲတွင် Dictionary ကို အလွယ်တကူ ကြည့်ရှုနိုင်ပါပြီ။
- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ကျောင်းသားသုံး အင်္ဂလိပ်မြန်မာ အဘိဓာန်တစ်အုပ်လုံး ပါဝင်သည်။
- ဝေါဟာရပေါင်း ၂၄၀၀၀ ကျော်ပါဝင်ပြီး သိလိုသောစကားလုံးများကို အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်သည်။
- အခြေခံပညာအထက်တန်းကျောင်းသားများအတွက် vocabulary လေ့ကျင့်ခန်းများ ပါဝင်ပြီး အချိန်ရတိုင်း လေ့ကျင့်နိုင်သည်။
- မိဘများကသားသမီးများ ပညာရေးအတွက်ပေးပေး၊ ချစ်သူချင်းလက်ဆောင်ဖလှယ်ဖလှယ်၊ မိတ်ဆွေအပေါင်းအသင်းများ အချင်းချင်း လက်ဆောင်ပေးပေး ပေးသင့်သည့် လက်ဆောင်ကောင်းတစ်ခုဖြစ်သည်။

ယနေ့မှစတင်ပြီးအင်တာနက်မှတစ်ဆင့်စတင်ဝယ်ယူနိုင်ပါပြီ။ ဖေဖော်ဝါရီ ၁ရက်နေ့မှ ၃ရက်နေ့အထိ မန္တလေးမြို့တော်ခန်းမတွင် ကျင်းပပြုလုပ်မည့် ICT ပြပွဲတွင် အထူးနှုန်းဖြင့်စတင်ရောင်းချပါမည်။
မြန်မာတစ်နိုင်ငံလုံးမှကိုယ်စားလှယ်ယူလိုသူများ၊ စိတ်ပါဝင်စားသူများစတင်ဆက်သွယ်နိုင်ပါပြီ။

Pace Computer System အမှတ် ၁၄၉၊ ဘိုကလေးဈေးလမ်း၊ ရန်ကုန်။ တယ်လီဖုန်း ၃၈၀၈၅၄၊ ၃၉၂၁၅၂၊ ၃၉၂၁၄၉။ www.defined.ygn.cc

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ (၂၀၀၈)ခုနှစ်၊ နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် **ဒေါက်တာသန်းထွဋ်** (MD) Flix Int'l (Yangon)Ltd. အား **လယ်ယာစီးပွားထူးချွန်တံဆိပ်** (တတိယဆင့်) ချီးမြှင့်ခြင်း ခံရသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

Flix Int'l(Yangon)Ltd. မိသားစု

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၏ နေအိမ်၌ ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံတည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် ချီးမြှင့်ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Bhaskar Kumar Mitra နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂၆-၁-၂၀၀၈

လွိုင်လင်
၃ ဒီဂရီစင်တီဂရိတ်

ပင်လောင်း
၆ ဒီဂရီစင်တီဂရိတ်

ဟားခါး
၆ ဒီဂရီစင်တီဂရိတ်

ကြေးမုံ The Mirror အင်တာနက် ကျန်းမာရေးသတင်း

အသည်းအစားထိုး ကုသမှုခံယူထားသည့် လူနာ သွေးအုပ်စုနှင့် ခုခံမှုစနစ်ပါ ပြောင်းသွားသည်ကို တွေ့ရ

ကင်ဘာရာ ဇန်နဝါရီ ၂၆

သြစတြေးလျနိုင်ငံမှ ဆယ်ကျော်သက်ရွယ် မိန်းကလေးတစ်ဦးသည် ကိုယ်အင်္ဂါအစားထိုး ကုသမှုခံယူပြီးနောက် ၎င်း၏ သွေးအမျိုးအစားနှင့် ပြင်ပရောဂါ ခုခံမှုစနစ်ပါ ပြောင်းလဲသွားသည်ကို ဆေးပညာရှင်များက တွေ့ရှိခဲ့ကြသည်။

ထိုအဖြစ်အပျက်သည် ဆေးပညာလောကတွင် ကြုံတောင့်ကြုံခဲ ဖြစ်ရပ်ဖြစ်သည်။ လူ ခြောက်ဘီလီယံလျှင် တစ်ဦးသာ ထိုသို့ဖြစ်ပေါ်နိုင်သည်ဟု ဆရာဝန်များက ပြောဆိုကြသည်။ ယင်းဖြစ်ရပ်သည် ပထမဦးဆုံး ကြုံတွေ့ရသည့် ဖြစ်တောင့်ဖြစ်ခဲ အဖြစ်အပျက်ပင်ဖြစ်သည်ဟု ဆိုသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

ကြေးမုံ The Mirror ယနေ့ သတင်းအညွှန်း

အမေရိကန်သမ္မတလောင်းရွေးချယ်ရေး အကြိုအခြေခံ အဆင့်ရွေးပွဲ၊ ပါကစ္စတန်၊ ကင်ညာ၊ အီရတ်၊ တူရကီ သတင်းများ **စာမျက်နှာ-၄၊၅**

ပဲခူးတိုင်းအတွင်း မိုးစပါးနှင့် နွေစပါး သတ်မှတ်ကေပြည့်မီကျော်လွန်ရေး အကျိုးပြုမည့် ဝါးကတုတ် ရေကူရေလှောင်တမံဖွင့် **စာမျက်နှာ-၆**

၂၀၀၈ ခုနှစ် မောင်မြန်မာနှင့် မယ်မြန်မာရွေးပွဲ **စာမျက်နှာ-၇**

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။